www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၃၅၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၂၀၅၁၀၁၁
၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ – ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/–)ကျပ်

**ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓဝါမြိုင်စာပေ၊ (မြ–၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆–ရပ်ကွက်၊ သာကေတမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်–၁၇၁၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

**ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ဗိုလ်ရှင်အောင်စာပေ**
အမှတ်–၄၉၊ မုန့်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
မော်ကေရီ
အကျဉ်းစံတစ္ဆေမလေးရဲ့သုဘရာဇာ/မော်ကေရီ – ရန်ကုန်၊
ဂန္ဓဝါမြိုင်စာပေ၊ ၂၀၁၁။
၁၃၀–စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) အကျဉ်းစံတစ္ဆေမလေးရဲ့သုဘရာဇာ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဟော်ကောရိ

# သို့

# ပေးစာများ

www.burmeseclassic.com

www.burmeseclassic.com

# မှော်စကေရှိ

ရဲ့

## စကားတစ်ချို့

ကျွန်မက စာရေးတယ် ... ပရိသတ်က ဖတ်တယ် ... စာဖတ်တဲ့ ပရိသတ်ရဲ့ ဆန္ဒ ကျွန်မရဲ့အယူအဆတွေ တူညီနေတာတွေရှိသလို ကွဲလွဲနေတာတွေရှိပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ ကျွန်မအနေနဲ့ ပရိသတ်ကြီးကို အပြည့်အဝဆုံးပေးဆပ်ချင်ပါတယ်။

ဇာတ်လမ်းဇာတ်ကွက်တွေကို အကျိုးအမြတ်သေးထားပြီး များစွာသော အရင်းအနှီးတွေပေးပြီး ရှာဖွေခဲ့ပါတယ်။

ရိုးအီပြီး ကျောရိုးထပ် မဆန်းပြားတဲ့ ဇာတ်လမ်းတွေနဲ့ ပရိသတ်ကို ကျွန်မ မညာချင်ပါဘူး။

ကျွန်မက အသစ်တွေပဲ ပေးချင်တာပါ။ ပရိသတ်ကြီးလည်း ကျွန်မစာအုပ်တွေ ဖတ်ပြီး ဇာတ်လမ်းသစ်တွေနဲ့ ကျေနပ်နိုင်ပါစေလို့ ...

စာရေးတဲ့

ကျွန်မ

**မှော်စကေရှိ**

www.burmeseclassic.com

www.burmeseclassic.com

သို့

မော်စကရီ (ဆရာမရှင့်)
ဆရာမရဲ့စာအုပ်တွေကို ဖတ်ပူးတာကြာပါပြီ။ ဇာတ်လမ်းလေးတွေ ကောင်းသလို ဆန်းပြားတဲ့ ဇာတ်လမ်းတွေက ပရိသတ်ကို ရိုးအီမသွားပါဘူး ...
အခုထက်ပိုဆန်းကြယ်တဲ့ ဇာတ်လမ်းတွေ များများရေးပါလို့ ...

ဘုန်းမြတ်စံ
မင်းရပ်၊ ပဲခူးမြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ …

ခေါင်းတစ်ရာ သုဘရာဇာစာအုပ်ကို စဖတ်ဖြစ်ပြီးတဲ့နောက်မှာ ဆရာမရဲ့ စာအရေးအသားနဲ့ဇာတ်လမ်းကို သဘောကျမိပါတယ်။ ဆန်းပြားတဲ့ဇာတ်လမ်းတွေကို အတွေးကောင်းကောင်းနဲ့ရေးတဲ့ ဆရာမကို အမြဲအားပေးနေပါ့မယ် …

ကိုမိုးအောင်
ဈေးပိုင်း၊ ဆွာမြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

မှော်ဧကရီ

ငှုလိုင်လကထွက်တဲ့ ဗိညာဉ်စံအိမ်တော်က အဖြူ့ာရှိမင်းသမီး ဇာတ်လမ်းဟာ ကျွန်မရင်ကိုစွဲကျန်ခဲ့ပါတယ် …

တစ်ခါတလေ လူ့လောကမှာ အထူးအဆန်းတွေ တွေ့ရပါတယ်။

အဲဒီလို ထူးဆန်းမှုတွေထဲက ဆန့်ပြားတဲ့ဇာတ်လမ်းတွေဟာ- ပရိသတ်ကို ရိုးမသွားပါဘူး …

မကြောက့်ကြောက်အောင် လုပ်ကြံခြောက်နေတဲ့ စာအုပ်တွေထက် စာရင် ဆရာမရဲ့ဇာတ်လမ်းတွေဟာ ထူးခြားနေပါတယ် … ဖတ်လို့လည်းကောင်းပါတယ် … ဆရာမ ဆက်ကြိုးစားပါ …

အားပေးမယ်

မမြနှိုး
ပန်းသဒ္ဒါ စာပေ
ပြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

မျှော်ကေရီ

ဆရာမ ဝတ္ထုတိုရေးထားတာမရှိဘူးလား။ တခြားစာရေးဆရာတွေလို
ဝတ္ထုတိုပေါင်းချုပ် မထွက်ဘူးလား။
ကျွန်တော်က အရှည်ထက် အတိုကို ပိုကြိုက်ပါတယ်။
ဆရာမရဲ့ဇာတ်လမ်းတွေက ဖတ်ရတာ စိတ်ဝင်စားဖို့ကောင်းတော့
အတိုဆိုရင် ပိုထိမိမယ်ထင်ပါတယ် ...

ဆရာမရဲ့ ပရိသတ်
ထွန်းဝဏ္ဏစိုး
ကုန်တာလဘောင်၊ မင်္ဂလာဒုံ။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ ...

ဆရာမရေးတဲ့ ခေါင်းတစ်ရာ သုဘရာဇာစာအုပ်ကို အငှားဆိုင်မှာ ရှာတာ ရှာမရဘူးဖြစ်နေတယ်။ ဒုတိယအကြိမ် ပြန်ထွက်ဖို့ ရှိပါသလား။

ရှိခဲ့ရင် သမီး အပိုင်ဝယ်ချင်ပါတယ် ... သမီးက ဆရာမရေးတဲ့ ဇာတ်တွေကို သိပ်ကြိုက်တာ ...

ဒါပါပဲ ဆရာမရဲ့ ပရိသတ်

သဒ္ဒါနုရည်
ဝေဘာဂီလမ်း၊
မြောက်ဥက္ကလာပ။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမခင်ဗျား …

ဆရာမ နောက်ထွက်မယ့်စာအုပ်မှာ ပရိသတ်တွေရေးတဲ့စာ အကုန် ဖော်ပြပေးပါ …

စာမျက်နှာအခက်အခဲကြောင့်ဆိုတာ နားလည်ပေမယ့် ပရိသတ်ရဲ့အသံကို ဖတ်ရတော့ ကိုယ့်အမြင်နဲ့ ထပ်တူကျနေမလား တွေးမိတယ်။ ပေးစာတွေကို ဖတ်ရတာကိုက အရသာတစ်မျိုးပါပဲ …

ဒါပါပဲ …

ဆရာမရဲ့ ပရိသတ်တစ်ဦး

A-5, (8) လမ်း၊ YZN အိမ်ရာ

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ

သားက ဆရာမစာအုပ်တွေကို ဖတ်တယ်။ ဇာတ်လမ်းလေးတွေ ကောင်းလို့ ဖတ်ရတာ ရင်ထဲစွဲနေတာပဲ။

သားသူငယ်ချင်းတွေကလည်း ဆရာမစာအုပ်ကို ကြိုက်တယ်။

ဆရာမစာအုပ်ဖတ်ရတာ မပျင်းပါဘူး။ မပြီးမချင်းလည်း လက်က မချချင်ဘူး ...

ပြီးသွားမှာတောင်စိုးတယ် ...

ဆရာမ ကျန်းမာပြီး စာများများရေးနိုင်ပါစေ ...

လုလင်ငယ်

နဝမတန်း

အ·ထ·က (ကျောင်းကုန်း)

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ (မော်ကေရီ)

စကားပြေအရေးအသားနဲ့ ဇာတ်လမ်းက ကောင်းပေမယ့် ဇာတ်က ကျဉ်းနေသလိုပဲ။ ဇာတ်အိမ် အားရပါးရတည်လာပြီးမှ အသိမ်းမှာ ချုံ့ပစ်လိုက်သလိုပဲ။ ဘာပဲဖြစ်ဖြစ်ပါ မော်ကေရီရေးတဲ့စာအုပ်တွေ ဖတ်ရတာ စိတ်တိုင်းကျပါတယ် ...

ဆရာမ အခုထက်ပိုအောင်မြင်ပါစေ ...

ဦးတိုးဝေ

မော်ဇာရပ်၊ ပြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

မှော်ကေရီ
သမီးက သရဲအရမ်းကြောက်တတ်တော့
ဆရာမ စာအုပ်တွေ မဖတ်ရဲဘူး ...
သူငယ်ချင်းတွေက ဖတ်ကြည့် ဇာတ်လမ်းကောင်းတယ်ဆိုလို့
ဖတ်ဖြစ်တာ ကြိုက်တယ် ဆရာမ ...

အားပေးလျက်

မေသူဇာ
ဆွာမြို့။

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရ လာပို့ပေးရမည်။

စကားတွေကိုမလိုက်နာလျှင် လာရောက်မသကြီုဟ်ရဟု ပြင်းထန်စွာ စည်းကမ်းထုတ်ထား၏။

တစ်ခါက ကုလားမယောကျ်ားသေသွားလို့ သူတို့ဘာသာထုံးစံ အတိုင်းသချိုင်းကို လာရောက်သင်္ဂြိုဟ်တာ သရဏဂုံမတင်ရသေးလို့ဆိုပြီး အလောင်းကို ပြန်သယ်သွားခိုင်းတာ ကုလားမယောကျ်ားကုလားမှာ သေခါမှ သူ့အလောင်းမဂြိုဟ်ရမှာစိုး၍ သရဏဂုံကိုဆရာတော်ပင့်ပြီးတင်လိုက်ရသည်။

ထိုမျှကတ်သီးကတ်သတ်နိုင်လှပြီး ခပ်ပြတ်ပြတ်လုပ်တတ်သည့် သုဘရာဇာကြီးကို ရွာသူရွာသားအားလုံးကြောက်ကြရသည်။

❖ ၜၜ ❖



www.burmeseclassic.com

www.burmeseclassic.com

"အောင်မိုးမင်းပြောနော် ငါကတော့ကြောက်တယ် မပြောရဲဘူး"

"နိုင်ကြီးကလည်းကွာ နှစ်ယောက်အတူတူပြောမယ်"

ရွာထဲက ဦးစောအောင်မိန်းမ မအေးမေဆုံးသွားလို့သင်္ဂြိုဟ်ရန် မြေကျင်းတူးရန်ကိစ္စကို သုဘရာဇာကြီးအားလာပြောတာကို သူပြောငါပြောဖြစ်နေသည်။

သူတို့သင်္ချိုင်းထဲဝင်လာတော့ ခြေလှမ်းကတွန့်လို့သွားသည်။ အကြောင်းမဲ့ လာလေ့မရှိတာလည်းပါသလို သင်္ချိုင်းဆိုတဲ့အသိကြောင့် အထိတ်တလန့်ဖြစ်သွားတာလည်းပါသည်။

"ဟေ့ ... ဘာလုပ်မလို့လဲ"

သုဘရာဇာကြီး၏အသံကိုကြားလိုက်ရ၍ အောင်မိုးနှင့်နိုင်ကြီးတို့ ခြေလှမ်းတွန့်သွားကြသည်။

သုဘရာဇာကြီးက အုတ်ဂူတွေကြားမှပေါက်တူးကြီးကိုထမ်းကာ မေးလိုက်ခြင်းဖြစ်သည်။

အောင်မိုးက ...

"ဦးညိုတုတ်ကိုလာပြောတာပါ ရွာထဲကသူဌေးစောအောင်မိန်းမ မအေးမေဆုံးသွားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဘယ်တုန်းကဆုံးတာလဲ"

"အခုမနက်ပဲ"

ကိုညို့တုတ် ကိုစောအောင်ကိုသိသည်။ ရွာမှာ လယ်ကေအများဆုံး ပိုင်သလို တောထဲမှာလည်းလှစင်ပေါင်းများစွာရှိသည်။ ချမ်းသာတာလည်း ပြောစရာမရှိအောင်ဖြစ်သလို သဘောကောင်းတာကလည်း သူ့အပြင်မရှိ။

စာရင်းငှား သူ့လယ်အလုပ်သမားများကို ပေးကမ်းထောက်ပံ့မှု လွန်စွာ ရက်ရောလှ၏။

"ဘာနဲ့ဆုံးတာလဲကွ"

"ဦးနှောက်သွေးကြောပြတ်တယ်လို့ပြောတာပဲ အကောင်းကြီးကနေ ရုတ်တရက်ဆုံးသွားတာ"

"မင်းတို့ကို သူ့ဈေးက ဘယ်လိုမှာလိုက်လဲ"

"အကောင်းဆုံးအုတ်ဂူတစ်ခုလုပ်ထားပေးပါတဲ့ လိုအပ်တဲ့ဘိလပ်မြေ နဲ့သဲကိုလာပို့ပေးမယ်ပြောခိုင်းလိုက်တယ်"

"အေး ... ပြီးရောလေ အုတ်တွေကတော့ သင်္ချိုင်းမှာရှိပါတယ်"

သုဘရာဇာကြီးကပြောလိုက်တော့ အောင်မိုးနှင့်နိုင်ကြီးလည်း သင်္ချိုင်းထဲကလှည့်ကာပြန်လာခဲ့ကြတော့သည်။

❖ ၉၉ ❖




www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်ကြီးလွန်း၍ မသာကို တစ်နေ့

နှစ်ကြိမ်အဝတ်အစားလဲပေးတာကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
## ပြန်လာမှာ

သူဌေးမိန်းမရဲ့မသာဆိုတော့ စည်လိုက်တာမှပြောဖို့တောင်လိုမည် မထင်။ အောက်လင်းဓာတ်မီးပေါင်းများစွာကို ထိန်နေအောင်ထွန်းထားပြီး ကျယ်ဝန်းလှသည့် သူဌေးရဲ့နှစ်ဆောင်ပြိုင်အိမ်မဲကြီးရှေ့မှာ ကန္နားဖျင်း ကိုထိုးလို့ထားသည်။

ရပ်ရွာထုံးစံအရ အလောင်းကိုကန္နားဖျင်းအောက်တွင်ချ၍ စင်ပြင် ထားသည်။ မြေကြီးမှာတော့ ဝါးကြမ်းဖျာတို့ကိုအပြည့်ခင်းလို့ထားသည်။

သူဌေးဦးစောအောင်က အသက်လေးဆယ်ဝန်းကျင်ဆိုပေမဲ့ သေဆုံးသူ သူ့ဇနီး မအေးမေကနှစ်ဆယ့်ငါးနှစ်ဝန်းကျင်သာရှိသေးသည်။

ချောတာကလည်းပြောနေစရာကိုမလိုအောင်ချောသည်။ သူဌေး အရင်အိမ်ထောင်ဆုံးပါးသွား၍ ရွာကွမ်းတောင်ကိုင်မအေးမေကို ခနအော အရယူလိုက်သည်။

မအေးမေအမေက သူဌေးနဲ့လက်ထပ်ပြီးသိပ်မကြာခင်မှာ မအေး ၏အမေဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကြွက်မအေးမေမှာ သူဌေးကိုအားကိုးသလို သူဌေးကလည်း မအေးမေကိုလွန်စွာမှချစ်သည်။ ဘယ်နေရာသွားသွားခေါ်သွားသလို အိမ်မှာနေရင်တောင်မျက်စိအောက်က အပျောက်ခံတာမဟုတ်။

အခုတော့လည်း ... မအေးမေဆုံးပြီလေ ...

"စိတ်မကောင်းပါဘူးသူဌေးရယ် အခုလိုရုတ်တရက်ကြီးဖြစ်သွားလိမ့်မယ်လို့ ကျွန်မဘယ်လိုမှထင်မထားတာပါ"

"အင်း"

အလောင်းဘေးမှာငူငူကြီးထိုင်နေသည့် သူဌေးဦးစောအောင်ကို စပါးပွဲစားမကြာပွင့်ကပြောတော့ သူဌေးကခေါင်းပဲညိတ်ပြလိုက်သည်။

"သူဌေး သင်္ဂြိုဟ်ရင် ဘယ်လိုသင်္ဂြိုဟ်မလဲစဉ်းစားပြီးပြီလား"

"ဘာ ... ဘယ်လို"

သူဌေးကခေါင်းကိုစောင်း၍ အော်လိုက်ရာ အသံအနည်းငယ်ကျယ်သွားတာကြောင့် _ မကြာပွင့်လန့်သွားသည်။ သူဌေးရဲ့တပည့်သောင်းစိန်က မကြာပွင့်လက်ကိုကုတ်၍လေသံတိုးတိုးဖြင့် _

"သူဌေး စိတ်အရမ်းထိခိုက်နေတယ် မသာကိစ္စကိုဘာမှမပြောနဲ့"

"ဟဲ့ မသာသတင်းလာမေးတာ မသာကိစ္စမမေးလို့ ငါဘာမေးရမှာလဲ"

မကြာပွင့်လည်း သူဌေးမကြားအောင်ကြိတ်၍ သောင်းစိန်ကိုရန်တွေ့သည်။ သောင်းစိန်က သူဌေးနဲ့ခပ်ဝေးဝေးသို့ မကြာပွင့်ကိုခေါ်ကာ ...

"သူဌေးရဲ့စိတ်ကပုံမှန်မဟုတ်ရဲ့လားတောင်မသိဘူး၊ အလောင်းဘေးမှာကြည့်ပါလား မအေးမေမသေခင် ထမင်းစားတဲ့အတိုင်း ပြင်ထားတယ်လေ"

"ဟင် _ ဟုတ်သားပဲ ငါခုမှသတိထားမိတယ် ဟိုသေတ္တာတွေက ဘာလဲ"

အလောင်းဘေးက သေတ္တာများကိုမေးငေါ့၍ မကြာပွင့်က သောင်းစိန်ကိုမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မအေးမေအဝတ်အစားတွေ အလောင်းကိုလဲပေးမလို့တဲ့ သူ့မိန်းမက တစ်နေ့ကိုအဝတ်အစား နှစ်စုံလဲတယ်လို့ပြောနေတယ်"

"ခက်တော့တာပဲ သူဌေးလည်းရူးများသွားပြီလားမသိဘူး"

"ခင်ဗျားကခက်ပဲခက်နေတာ ကျုပ်တို့ကလိုက်တောင်သေချင်တယ် မအေးမေမျက်နှာကိုကြည့် မိတ်ကပ်လိမ်းထားတာမှ မှန်လို့နှုတ်ခမ်းနီတောင် ဆိုးပေးထားသေးတယ်"

"အဲဒါ ဘယ်သူလုပ်ပေးတာလဲ"

"သူဌေးက သူကိုယ်တိုင်လိမ်းပေးထားတာ ခဏနေရင်ကျောက်ကုန်းရွာက ပယောဂဆရာရောက်လာလိမ့်မယ် အဲဒီကျရင် ဆရာရယ်သူဌေးရယ် နှစ်ယောက်ပဲအလောင်းနားမှာရှိမယ်တဲ့ တခြားသူတွေမမြင်အောင်အလောင်း ပတ်လည်ကို လိုက်ကာကြီးတွေဆင်ဖို့ သူဌေးကပြောထားတယ်"

သောင်းစိန်က သူသိသမျှကိုမကြာပွင့်အား ရှင်းပြလိုက်ရာ မကြာပွင့်က မျက်လုံးကြီးပြူးကာအံ့သြလို့နေသည်။

"ကျောက်ကုန်းရွာက ပယောဂဆရာကို ငါသိတယ် အရမ်းစွမ်းတယ် လို့ငါကြားတယ်"

"ကျုပ်တို့ကတော့မသိဘူး"

"အဲဒီဆရာက ဆေးလည်းစွမ်းတယ် ဝိဇ္ဇာဥ်လည်းနိုင်တယ်ကြားတာပဲ အိန္ဒိယဆာဒူးကြီးတွေဆီမှာ နှစ်ပေါင်းများစွာတပည့်ခံလာတယ်ဆိုပဲ"

"ကျုပ်တို့ကတော့ မသိဘူးဗျာ သူဌေးဘာခိုင်းမလဲ လုပ်ပေးလိုက်ရုံပဲ"

သောင်းစိန်ကပြောပြီး အလောင်းဘေးလိုက်ကာဆင်ရန်ပြင်နေသူများ ဆီသို့သွားကာဝိုင်းကူလုပ်ပေးနေတော့သည်။

❖ ❖❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အလောင်းဘေးတွင် ပိတ်လိုက်ကာအနီစများကာလိုက်တော့ အပြင်မှ လူတွေကအထဲကအလောင်းကို မြင်တွေ့ရခြင်းမရှိတော့ဘဲ ဖြစ်သွားသည်။

လိုက်ကာကာထားသည့်အထဲမှာတော့ မအေးမေအလောင်းရှိသလို သူဌေးကလည်းအလောင်းဘေးမှာတစ်ယောက်တည်းထိုင်နေသည်။

ညဥ့်ကလည်းပို၍နက်လာသည်။ ညဦးပိုင်းကလောက်လူမများတော့ဘဲ သူဌေးရဲ့မိတ်ဆွေအလုပ်သမားများကလည်း မနည်းတာကြောင့် လူကများလို့နေသေးသည်။

ထိုစဉ် ... ခြံဝမှ မာန်ပါလှသည့်အသံဖြင့်

"စောအောင်ရှိလားဟေ့"

ခြံထဲမှာတစ်ယောက်တစ်ပေါက်ပြောနေသည့် အသံတို့တိတ်လို့ သွားကာ ခြံဝကိုပြိုင်တူဝိုင်းကြည့်လိုက်ကြသည်။

အရပ်ကပုပြတ်ပြတ် အသားကညိုညို ဆံပင်ရှည်တို့က နောက်ထိုးထားပြီး နှုတ်ခမ်းမွေးကားကား မုတ်ဆိတ်မွေးရှည်ရှည်အနက်ရောင် လည်ကတုံး အင်္ကျီကိုအပြင်ထုတ်၍ အနက်ရောင်လုံချည်ဝတ်ထားသည့် လူကြီးတစ်ဦး ခြံဝတွင်ရပ်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲတွင် ကြီးမားသည့်တောင်ဝှေးတစ်ချောင်းကို ကိုင်လာကာ ပခုံးတွင်လွယ်အိတ်ညိုကြီးတစ်လုံးကိုလွယ်လို့ထားသည်။

"ဟော့ ... ငါမေးနေတယ်လေ စောအောင်ရှိလားလို့"

"ရှိ ... ရှိပါတယ်"

ထိုလူကြီးနှင့်အနီးစပ်ဆုံးလူတစ်ယောက်က လှမ်း၍ဖြေလိုက်သည်။

"ဘယ်မှာလဲ စောအောင်"

"ဟို ... ဟိုမှာပါ"

ရွာသားက မသာကိုလိုက်ကာများကာထားရာသို့ လက်ညှိုးထိုးပြလိုက်ရာ ထိုလူကြီးကခြေလှမ်းကျဲကြီးများဖြင့် လျှောက်လို့ဝင်သွားသည်။

ကန့်လန့်ကာအပြင်ဘက်၌ရှိနေကြသည့် လူများက အထဲမှာ ဘာလုပ်နေကြလဲဆိုတာ လွန်စွာစိတ်ဝင်စားနေကြသည်။

သို့သော် ...

တစ်ဦးတစ်ယောက်ချောင်းကြည့်ချင်းမလုပ်ရဲကြသလို အထဲကို အပြင်မှလူများကမမြင်ကြပေ ...

"ဘာလုပ်ကြမှာလဲမသိဘူးနော်"

"ဘယ်သိမလဲဟဲ့ ... ငါကြားဖူးတာကတော့ အဲဒီဆရာနာမည်က ထိပ်ခေါင်တဲ့ သရဲတစ္ဆေကိုသိပ်နိုင်တယ်ဆိုပဲ"

"ဟင် ... ဒါဆို ... အဲဒီဆရာက ... "

"ဟဲ့ တိုးတိုး ရမ်းပြီးလျှောက်ပြောမနေနဲ့ ငါတို့ပြောတာကြားသွားလို့ တစ်ခုခုဖြစ်နေမှ ဒုက္ခရောက်နေဦးမယ်"

တစ်ယောက်တစ်မျိုး လေသံတိုးတိုးနှင့်ပြောဆိုဝေဖန်နေကြသော်လည်း အသံများကတိတ်ကာနေသည်။

ထိုစဉ် ...

"ဟော့ ... ငါဆရာအမိန့်ပေးနေတယ် နင့်ခန္ဓာကိုယ်ညာ...ထွက်သွားတာ မကြာခင်နင်ပြန်လာမှာ နင်ဟာ သိုက်ကလာလို့ ...မှာမပြီးပြတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေ့သွားလုပ်နေတာ ဒီတော့ နင့်ခန္ဓာကိုယ်မပုပ်သိုးအောင် ငါဆရာစီစဉ်မယ်"

ဆရာထိပ်ခေါင်ရဲ့အသံကြီးကထွက်လာရာ အပြင်မှာရှိနေသူတွေက ကြောက်လွန်း၍တစ်ယောက်နှင့်တစ်ယောက် ပူးကပ်ထားကြသည်။

"ဟော့ကွာ ... ရော့ ငါဆရာရဲ့ဆေးစွမ်းသိဒ္ဓိစွမ်းကွ"

"မလုပ်ပါနဲ့ဆရာရယ် ... ကျွန်တော့်မိန်းမနာသွားပါ့မယ်"

ဆရာထိပ်ခေါင်ရဲ့ကြုံးဝါးသံ သူဌေးဦးစောအောင်ရဲ့တောင်းပန်သံတို့ကို အပြင်ကလူတွေအတိုင်းသားကြားနေရသည်။ သူဌေး တောက်တိုမယ်ရ နိုင်းတာလုပ်ပြီး မျက်နှာရအောင်အမြဲလုပ်တတ်သည့် ဖိုးတင်က ဦးစိုးမြင့်အား ...

"ကျုပ်အထဲဝင်သွားလိုက်ရင်ကောင်းမလား သူဌေးသိပ်စိတ်ဆင်းရဲနေပြီ"

"နေစမ်းပါဖိုးတင်ရယ် ... သူဌေးက သူ့အလုပ်သူသိပါတယ် မင်းဝင်သွားမှ ပိုရှုပ်ကုန်မယ်ငြိမ်ငြိမ်နေ ... "

"သူဌေးကိုသနားတယ်ဗျာ"

ဖိုးတင်ကပြောပြီးငြိမ်နေလိုက်သည်။

"ဟဲ့ နင့်ခန္ဓာကိုယ်မပုပ်သိုးတော့ဘူး နင့်ဝိညာဉ်လည်း အပြင်မှာ သိပ်ကြာအောင်မနေနဲ့ကြားလား ငါသွားမယ်"

ဆရာထိပ်ခေါင်အသံကြားရပြီး မကြာခင်လိုက်ကာမှ၍ အပြင်သို့ထွက်လာရာ အားလုံးရဲ့အကြည့်တွေက ဆရာထိပ်ခေါင်ဆီရောက်လို့သွားသည်။


ဆရာထိပ်ခေါင်ကတော့ ဘယ်သူ့ကိုမှဂရုမစိုက် မျက်နှာတည်တည်ကြီးနှင့်ထွက်လို့သွားတော့သည်။

❖ ၄၄ ❖



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## ထုံးစံမဟုတ်တဲ့အကြောင်း

"သူကြီးကျုပ်ပြောတာကိုလက်ခံစဉ်းစားပေးပါ"

သူဌေးဦးစောအောင်က သူကြီးအိမ်သို့လာကာ နှစ်ယောက်တည်းတွေ့၍ သူလိုတာကိုတောင်းဆိုလိုက်သည်။

"သူဌေးပြောတာ ကျုပ်လက်ခံတယ်ထား ရွာကလူတွေကလက်ခံပါ့မလား"

"သူကြီးရယ် ကိုယ့်အိမ်မှာကိုယ့်မိန်းမအလောင်းထားတာပဲ ပြဿနာမဟုတ်ပါဘူး တခြားရွာတွေမှာဆို ကိုယ့်ခြံထဲမှာပဲသဂြိုဟ်ကြတယ်မလား"

သူကြီးပြောရခက်နေသည်။ ရွာရဲ့ဂုဏ်နေအရှိဆုံးပုဂ္ဂိုလ် အကျင့်စာရိတ္တနှင့်အရေးအကြောင်းဆို ရွာအတွက်အဘက်ဘက်မှကူညီနေသူဆိုတော့ –

"အေးလေ ... ရွာထဲကလူတွေတချို့နဲ့တိုင်ပင်လိုက်ရင်ကောင်းမယ်၊ သူတို့သဘောထား ဘယ်လိုရှိမယ်မပြောတတ်သေးဘူး"

"သူကြီးရယ် မသာကိုမဂြိုဟ်ဘဲ ကျုပ်ခြံထဲမှာထားမယ်ဆိုသော်မယ့် တခမ်းတနားထားမှာပါ ရွာကိုလုံးဝမထိခိုက်စေရဘူး စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးက အာမတွေခံကာပြောတော့ သူကြီးကခေါင်းကုတ်ကာ စဉ်းစားနေရသည်။ သူဌေးကဆက်၍ ...

"သူကြီးသာခွင့်ပြုမယ်ဆိုရင် မိုးတွင်းရောက်ရင်ကူးမရလို့ ဝါးတံတားထိုးထားတဲ့ ရွာထိပ်ကသဲချောင်းကို ကျုပ်ကျွန်းတံတားထိုးပေးမယ်ဗျာ လူတွေကျွဲနွားတွေမပြောနဲ့ ဆင်တောင်ကူးရအောင်လုပ်ပေးမယ်ဗျာ"

"သူဌေး စေတနာကောင်းပါတယ်ဗျာ ရွာကလည်းအဲဒီတံတားကို မျှော်လင့်နေတာဗျ မိုးတွင်းရောက်ရင် ဒုက္ခရောက်လွန်းလို့"

သူကြီးဝမ်းသာသွားသော်လည်း သူဌေးက သူ့မိန်းမအလောင်း သူ့ခြံထဲမှာထားမည့်ကိစ္စ ရွာကလက်ခံပါ့မလားဆိုတဲ့အတွေးဟာ ခေါင်းခြောက်စရာဖြစ်လာခဲ့သည်။

"ကျုပ်ပြန်တော့မယ် အခုလောက်ဆိုကျုပ်မိန်းမဗိုက်ဆာနေလောက်ပြီ"

"ဟင် ... သူဌေး စကားက ... "

"ကျုပ်က ရေမချိုးပေးရတာတောင် စိတ်မကောင်းဖြစ်နေတာ ဆရာထိပ်ခေါင်ကမှာသွားတယ် အလောင်းကိုရေမထိရဘူးတဲ့"

သူဌေးကပြော၍ အိမ်ထဲကထွက်သွားရာ သူကြီးလည်းမျက်လုံးကြောင်၍သာ ကျန်ခဲ့တော့သည်။

❖ ၆၆ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဟာ … မဖြစ်နိုင်ပါဘူး ရှာနာမှာပေါ့ ထုံးစံမှမဟုတ်တာဗျာ"

ကိုအေးဆောင်ကထ၍ပြောလိုက်ရာ နတ်ကတော်ဒေါ်လှက ခါးခါးသီးသီးနှင့် …

"ရှာစောင့်နတ်ကမသာကို ရှာထဲမှာသုံးရက်ပဲထားခွင့်ပေးတာ ဒီထက်ပိုထားလို့သူစိတ်ဆိုးရင် ခုနစ်လောင်းဆက်သွားတတ်တယ်နော်"

"သူကြီး လူဟာသေသွားရင် ခန္ဓာကိုယ်ကဘာမှအသုံးဝင်တော့တာမဟုတ်ဘူး၊ ဗုဒ္ဓရဲ့ဒေသနာတော်နဲ့လည်းညီတာမှမဟုတ်တာ ခန္ဓာကိုသဂြိုဟ်ရမှာပဲ ရှာထဲထားတာရှာသူရှာသားတွေအတွက် အနှောင့်အယှက်ဖြစ်မှာပေါ့"

ဘုန်းကြီးလူထွက် ကိုသာမျိုးရဲ့စကားကို သူကြီးအိမ်လာတဲ့လူတွေအားလုံးခေါင်းညိတ်ကြသည်။

သူဌေးရဲ့ငယ်ပေါင်းသူငယ်ချင်းကိုစိန်သောင်းကပင်ထ၍ …

"စောကြီး အခုဖြစ်နေတာ ရုတ်တရက်ဆုံးသွားတဲ့ သူ့မိန်းမကြောင့်သွေးလေချောက်ချားနေတာပါ ထုံးစံနဲ့မညီတာကိုတော့ ခွင့်ပြုလို့ရမယ်မထင်ဘူး"

"ကဲ … ဟုတ်ပြီ အားလုံးက လက်မခံတဲ့သဘောပဲပေါ့ ဒီလိုဆိုရင်ချုပ်ကသူဌေးကိုပြောလိုက်ရုံပဲ …

သူကလည်း ရှာရဲ့ဒုက္ခကိုဖြေရှင်းပေးမယ်ပြောထားတော့ ရှင်းပေးမှာ

www.burmeseclassic.com



မဟုတ်တော့တဲ့အတွက် ကျုပ်စိတ်မကောင်းဘူး"

သူကြီးကထပြောပြီးပြန်ထိုင်ကာ မျက်နှာမကောင်းစွာနှင့်ငြိမ်၍နေရသည်။ ရွာကိုပတ်၍ စီးနေသည့်သဲချောင်းက မိုးဆက်တိုက်ရွာလျှင် ကူးလို့မရတော့ ဝါးတံတားလည်းကျိုးသွားသည့်အပြင် တခြားရွာတွေနှင့်အဆက်အသွယ်ပြတ်လို့သွား၏။

ဒီဒုက္ခကိုခံလာရတာ နှစ်ပေါင်းမနည်းတော့။ တချို့နှစ်တွေကဆို မိုးခုနစ်ရက်ဆက်တိုက်ရွာ၍ ကျွဲနွားများပင်အစာငတ်ခဲ့ဖူးသည်။ တောင်ကျရေများအဆက်မပြတ်စီးတာကြောင့် လူတွေလည်းကူးမရဖြစ်ခဲ့ဖူးလေ၏။

အားလုံးထဲတွင် မျှတစွာတွေးတတ်သည့် ကိုဘိုဌေးက ...

"ဒီလိုလုပ်ကြဗျာ သူဌေးဆန္ဒလည်းပြည့်ဝအောင် ကျုပ်တို့ရွာအတွက်တံတားဖြစ်သွားအောင် သူဌေးမိန်းမရုပ်အလောင်းကို သူ့အိမ်မှာပဲထားရင်ထားပါစေ ဝိညာဉ်ကိုတော့ သချိုင်းကိုသွားပေးလိုက်ရင် ရွာအတွက်ထိခိုက်စရာမရှိနိုင်ဘူးလေ ကျုပ်ပြောတာ ဘယ်လိုသဘောရလဲ"

ရွာသားအားလုံးငြိမ်ကျသွားသည်။ သူကြီးရဲ့ဆန္ဒ သူတို့ရဲ့ဆန္ဒ သူဌေးရဲ့ဆန္ဒဟာ ကိုဘိုဌေးပြောတဲ့အတိုင်းလုပ်လိုက်လျှင် အဆင်ပြေနိုင်သည်လေ။

"ဝိညာဉ်ကို သချိုင်းပို့ရင် အရင်မသာတွေလို ခုနစ်ရက်ပြည့်မှ တစ်ယောက်နှစ်ယောက်သွားပို့မှာလား"

ကိုအေးဆောင်ကမေးလိုက်ရာ ကိုဘိုဌေးက ...

"အလောင်းကို တစ်ရွာလုံးမပို့ရပေမယ့် ဝိညာဉ်ကိုအလောင်းပို့သလို တစ်ရွာလုံးလိုက်ပို့မယ်ဗျာ မကောင်းဘူးလား"

"ဘိုးဌေးပြောတာမဆိုးဘူး"

"အေးလေ အတူတူပါပဲ"

တစ်ယောက်တစ်ပေါက် ထောက်ခံလိုက်သဖြင့် သူဌေးရဲ့ဆန္ဒ အားလုံးလက်ခံလိုက်သည်ဖြစ်သွား၍ သူကြီးလည်းရွာတံတားအတွက် စိတ်အေးသွားရတော့သည်။

❖ ၓၓ ❖




www.burmeseclassic.com

www.burmeseclassic.com

သုဘရာဇာကြီးက ...

"မသာကိုငါယူသွားမယ် မသာဆိုတာသုံးရက်ထက်ကျော်ပြီး

အိမ်မှာမရှိရဘူး" ဟုဆိုလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ဝိုချူခြင်းသည်ရှမ့်ချက်ရည်

သူဌေးမိန်းမ မအေးမေရဲ့ ရုပ်အလောင်းကို သုံးရက်ပြည့်သော်လည်း မချတော့ဘဲ ဒီအတိုင်းပင်ထားလိုက်ကြသည်။ သူဌေးက လက်သမားဆရာများကိုခေါ်ကာ သူ့ခြံခြေရင်းတွင်ခမ်းနားလှသည့် အိမ်တစ်ဆောင်ကို ကျကျနန ဆောက်ထားသည်။

မအေးမေသေသည့်နေ့မှစ၍ တစ်ရွာလုံးကိုမီးခိုးတိတ်ကျွေးစေကာ ကြီးမားသောအလှူကိုပြုလုပ်စေသည်။

ရွာသားတွေက နာရေးကို ကူလုပ်ပေးသလို တစ်ဖက်ကလည်း စားဖို့မပူရတာကြောင့် နာရေးအိမ်မှာ ရွာလုံးကျွတ်လူစည်လို့နေသည်။

"ဟဲ့ ... မအေးမေအလောင်းက ဘာစော်မှမထွက်ဘူးနော်"

"နင်မသိဘူးလား ... ဆရာထိပ်ခေါင်စီရင်သွားတာလေ အေးမေ သေတာမဟုတ်ဘူးတဲ့ သိုက်ကိုသူ့ဝိညာဉ်ခဏပြန်သွားတာလို့ပြောနေတယ် လေ၊ သူ့ဝိညာဉ်ပြန်လာရင် ခန္ဓာကိုယ်ထဲဝင်လို့ရအောင် မပုပ်မသိုးအောင် စီရင်ခဲ့တာတဲ့"

"ဩော် ... အဲ့လိုလား"



www.burmeseclassic.com

www.burmeseclassic.com



ရွာကလူတွေက မသာကိုရှေ့ထား၍ အမျိုးမျိုးပြောနေကြသံတွေက မတွေ့ပ်မှာဆူညံနေသည်။

"အေးမေက သိပ်ကံကောင်းတာ"

"ဟဲ့ ... ငယ်ငယ်ရွယ်ရွယ်နဲ့သေတာ ဘာကံကောင်းတာလဲ ပေါက်ကရတွေပြောမနေပါနဲ့အေ"

"ဟာ _ နွေးကလည်း သေနေတာကိုကြည့်ပါလား ရှင်နေတုန်းကလို လှနေတုန်း အင်္ကျီထဘီတစ်နေ့နှစ်စုံ သူဌေးကိုယ်တိုင်လဲပေးတာ၊ မုန့်စားချိန် ဆိုမုန့် ထမင်းစားချိန်ဆိုထမင်း ကွမ်းအစ်လေးတောင်ချထားသေး _ ငါသာ သေလို့ကတော့ အိမ်ကဟာကြီးက ဒီလိုလုပ်ပေးဖို့နေနေသာသာ ချက်ချင်း တောင်သင်္ချိုင်းပို့မှာ ..."

"ဟား ... ဟား ... ဟား ..."

မသန်းစိန်စကားကြောင့် နားထောင်နေကြသူတွေအားလုံး ပွဲကျလို့ သွားသည်။ ဖွေးလေးသန်းရိုက ...

"ဟဲ့ ... ဒါမသာနော် ရယ်မနေကြနဲ့ တော်ကြာငိုချင်းသည်ရောက် လာရင် တို့တွေနားထောင်ရဦးမယ်"

"ဟုတ်သားပဲ ဒီနေ့ငိုချင်းချမယ့်မိန်းမက မြို့ကဇာတ်မင်းသမီးပေါင်း တဲ့ နားထောင်ကောင်းမှာပဲ"

သူဌေးကသူ့မိန်းမသေပြီးနောက်ပိုင်းမှစ၍ ငိုချင်းချသည့်မိန်းမကို ငှားကာ အလောင်းဘေးမှာပြောပြောငိုစေသလို သူကိုယ်တိုင်ကလည်း ဘေးနား အနေ မျက်ရည်တဖြိုင်ဖြိုင်ကျလို့နေသည်။

တစ်နေ့တစ်ယောက်မရိုးရအောင်ကိုခေါ်ကာ ငိုချင်းချခိုင်းရာ ရွာက လူတွေကလည်း အလုအယက်နားထောင်၍ သူတို့လည်းမျက်ရည်များကျ၏။

ရွာဦးကျောင်းဆရာတော်က သူဌေးလုပ်ရပ်တွေကိုမနှစ်မြို့ပေမယ့် လောကီကိစ္စတွေဆိုတော့ ဘာမှမပြောဘဲနှုတ်ဆိတ်လို့သာနေသည်။

သက်ပျောက်သပိတ်သာသွပ်သော်လည်း မြေချသပိတ်သွပ်သလို



www.burmeseclassic.com

www.burmeseclassic.com



ရက်လည်သပိတ်ကိုလည်းလျှောက်ထားခြင်းမရှိတာကြောင့် ဆရာတော်က သူ့ဒွေးကိုခေါ်၍ ပြောရန်ကြံသော်လည်း မယားဆုံးပြီး သွေးပူနေချိန်မှာ နားမဝင်မည်စိုး၍ မပြောဘဲနေလိုက်သည်။

"အမှန်ဆို ဒီနေ့မသာချရမှာနော်"

"ဟုတ်တယ် အဲဒါဘာဖြစ်လဲ"

"ဩော် ... မသာမချဖြစ်တော့ သုဘရာဇာကြီး သင်္ဂြိုဟ်ဖို့မျှော်နေမှာစိုးလို့ပါ"

"ညည်းစိတ်ပူရင် သချိုင်းကိုသွားပြောလိုက်လေ"

"အမလေး ... မလုပ်ပါနဲ့ မသွားရဲပါဘူး"

တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံပြောနေကြတာတွေက နာရေးမှာ ဝမ်းနည်းရမည့်အစား ပျော်သလိုတောင်စိတ်ထဲမှာခံစားနေကြရလေသည်။

❖ ၒၒ ❖



www.burmeseclassic.com

www.burmeseclassic.com

"အသက်နှစ်ဆယ့်ငါးနှစ် ... လှလို့ရယ်တဲ့မကုန် အလုံးစုံချစ်မကုန်နိုင်တဲ့ ငယ်ချစ်လင်ကိုရင်နှစ်စွာခွဲလို့ တမလွန်ကိုသွားရမည့်ခရီးမှာ တစ်ယောက်တည်းပေမို့ ရှောင်လွှဲနိုင်စရာမရှိတာကြောင့် အမလေး ... ထားခဲ့ရချည်ရဲ့"

ငိုချင်းသည်ရဲ့ အငိုအပြော အနုအချွဲ အဖွဲ့အနွဲ့တွေက သူဌေးအပါအဝင်မဏ္ဍပ်ထဲကလူတွေရဲ့ ရင်ထဲမှာ လှိုက်ခနဲလှိုက်ခနဲ ဝမ်းနည်းမှုတို့တက်လာကာ မျက်ရည်များပင်ကျလို့လာသည်။

သူဌေးရဲ့ဘေးမှာတော့ တပည့်ရင်းနှစ်ယောက်ဖြစ်သည့် ဖိုးတင်နှင့် သောင်းစိန်တို့က တစ်ဖက်စီကနေ၍ သူဌေးကိုနှစ်သိမ့်လို့နေသည်။

"အပျော်စုံ လူ့ဘုံထပ်မှာတော့ ကြုံရတယ်ရွှေစည်းစိမ်ကို ယုံရခက်အောင်ချစ်ရတဲ့ ချစ်လင်က အခုတော့လည်း အနားမကပ်ချင်ပြီ ဒီခန္ဓာဒီရုပ်လှာကို ဒီဘဝမှာပဲထားခဲ့ရတာကြောင့် နောက်ဆုံးချင်တယ် ဘဝဆက်တိုင်းမှာမေ့ အမလေး ... ငယ်ချစ်ရယ် ကျွန်မအဖြစ်ကိုသနားပါလှည့် ... "

အားလုံးရဲ့စိတ်တွေက ဝမ်းနည်းပူဆွေးမှုတွေနှင့် မအေးမေ ယောက်ျားကိုဂရုစိုက်ပုံ ကြင်နာပုံကိုမြင်ဖူးကြသည့်သူတို့က မအေးမေအလောင်းကို ကြည့်ကာ မျက်ရည်ကျလို့နေသည်။

ငိုချင်းသည်ကလည်း တစ်ပုဒ်ချင်းရွတ်လိုက် ငိုလိုက်လုပ်ရင်း သေခုံး



www.burmeseclassic.com

www.burmeseclassic.com



သူ မအေးမေရဲ့ခံစားမှု ယောက်ျားဖြစ်သူ သူဌေးကိုစောအောင်ရဲ့ နှမြောတသ ပူဆွေးမှုတို့ကို တသသဖြစ်အောင်ကို ငိုချင်းချလို့နေသည်။

"အရမ်းတော်တာပဲနော် အရင်နေ့က ငိုချင်းသည်ထက် ပိုကောင်းတယ်"

"သူကဇာတ်မင်းသမီးလုပ်ခဲ့တာဆိုတော့ ကောင်းတာပေါ့ မပူနဲ့ ညရောက်ရင် ကွက်စိပ်ဆရာလာဦးမှာ"

"ဟုတ်လား ... သူဌေးက အဟုတ်ကိုလုပ်နေတော့တာပဲ ဒါနဲ့ နေပါဦး အခုတောင်မိုးချုပ်တော့မှာ ကွက်စိပ်ဆရာက ဘယ်အချိန်လာမှာတုန်း"

"ငိုချင်းကပြီးတော့မှာလေ ပြီးရင်ထမင်းကျွေးတော့မှာ ကျွေးပြီးမှ ကွက်စိပ်ဆရာအလှည့်"

"အေး ... ကောင်းတယ်"

သန်းစိန်တို့အုပ်စုကလည်း စကားပြောလိုက် နားထောင်လိုက် မျက်ရည်သုတ်လိုက်နှင့် ကျေနပ်နေကြသည်။

ရွာမှာက ဇာတ်ပွဲတို့ အငြိမ့်တို့ကိုငှားနိုင်တာမဟုတ် ကြည့်ချင်ရင် သူများရွာကိုတကူးတကသွားပြီး ကြည့်ကြရတာလေ ...ဒါကလည်း နှစ်နှစ် သုံးနှစ်မှတစ်ကြိမ်သာ ...

လက်လုပ်လက်စားတွေဆိုတော့ ဇာတ်ပွဲဖြစ်လည်းမသွားနိုင်ကြဘူး။

အခုလိုမသာမှာ ငိုချင်းချတာကို ပွဲတစ်ခုလို စိတ်ပါဝင်စားစွာကြည့်ရတာကို ကျေနပ်သလို ကွက်စိပ်ဆရာရဲ့အဟောအပြောကိုလည်း နားထောင်ခွင့် ရတာ နည်းတဲ့အခွင့်အရေးမှမဟုတ်တာ ...

ဒါတောင်သူဌေးက ဆိုင်းငှားဖို့ကြိုးစားသေးသည်။ သွားရေးလာရေး ခက်တာကြောင့် ဆိုင်းဆရာကငြင်းလိုက်၍ ရသည့်သူကိုသာရှာ၍ ဖြစ်အောင် လုပ်ခြင်းဖြစ်သည်။ ငိုချင်းသည်ရဲ့အပြောကလည်း ပြီးခါနီးလေ ပို၍ဝမ်းနည်းစရာ ကောင်းလေဖြစ်လာရာ ယောက်ျားသားများပင် မျက်ရည်ဝဲကာလာကြသည်။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ပေ့ _ အားလုံးနားထောင်စမ်း မသာကိုသင်္ချိုင်းဘာလို့မပို့တာလဲ"

"ဟင်"

"ဟာ"

အပေါ်အင်္ကျီမပါ ပုဆိုးအကွပ်ကျဲကျဲညစ်စုတ်စုတ်ကို ဒူးခေါင်းပေါ်ထိ တိုတိုဝတ်ကာ ညာဘက်လက်ထဲတွင် ဝါးရင်းတုတ်ကိုင်ထားသည့် သုဘရာဇာကြီးက ခြံဝမှလှမ်းအော်လိုက်ရာ ငိုချင်းသံသည်ရဲ့အသံတိတ်သွားသလို အခုလိုမှောင်ရီပြီးဖျိုးဖျအချိန်မှာ မမျှော်လင့်ဘဲ သုဘရာဇာကိုတွေ့ရ၍ အားလုံးထိတ်လန့်သွားကြသည်။

"ငါမေးနေတယ်လေ ဘာလို့ မသာကိုသင်္ချိုင်းလာမပို့တာလဲလို့"

" ... "

တစ်ယောက်မှမဖြေ သူ့ဒွေးက အလောင်းဘေးနားထိုင်ရာကနေ မတ်တတ်ရပ်၍ သုဘရာဇာကြီးကိုငေးကြည့်နေသည်။

"မင်းတို့ အလောင်းကိုအလှကြည့်နေမလို့လား အလောင်းဆိုတာ သင်္ချိုင်းမှာရှိရမှာ မင်းတို့ဆီမှာသုံးရက်ထားတာတောင်လွန်လှပြီ ...

ဒီနေ့သုံးရက်ပြည့်ပြီ လာမပို့လို့ငါလိုက်လာတာ ဘယ်မှာလဲအလောင်း ငါယူသွားမယ်"

"ဟင်"

"ဟာ"


အားလုံးကြောင်နေကြစဉ် သုဘရာဇာကြီးကအလောင်းထားရာဆီသို့ ခြေလှမ်းကျဲကြီးဖြင့်ဝင်လာခဲ့တော့သည်။

❖ ၆၆ ❖



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### အဖေခေါ်ဖေတော်ခေါ်သည့် သုဘရာဇာကြီး

"သူဌေး ... ကျုပ်အလောင်းကိုယူသွားမယ် သင်္ချိုင်းမှာသဂြိုဟ်ဖို့ အားလုံးလုပ်ပြီးပြီ"

သုဘရာဇာကြီးက အလောင်းဘေးနား ခါးထောက်ရပ်ရင်းပြောတော့ သူဌေးမျက်နှာပျက်နေသလို သူ့ဘေးနားက ဝိုင်းချင်းသည့်ကာလသားအသာငြိမ်၍ နေသည်။

"သုဘရာဇာကြီး ကျုပ်မိန်းမအလောင်းကို မသဂြိုဟ်တော့ဘူး"

"ဟင် ... မသဂြိုဟ်ရင် ဘာလုပ်မလဲ အလှကြည့်နေမှာလား"

"ကျုပ်ခြံထဲမှာပဲထားဖို့သူကြီးကိုပြောပြီးပြီ"

"ဟင်"

သုဘရာဇာကြီးကမျက်လုံးပြူးလို့သွားသည်။ သူဌေးကိုလည်း စိတ်မှန်ရဲ့လားဆိုတဲ့အကြည့်နှင့် ကြည့်လို့နေသည်။ ပြီးတော့ အလောင်းကို လက်ညှိုးထိုးကာ ...

"မသာဆိုတာ အိမ်မှာသုံးရက်ပဲ သင်္ချိုင်းမှာသဂြိုဟ်ရမှာ သူဌေး မဟုတ်တာတွေမလုပ်နေနဲ့ ဖယ်ကျုပ်အလောင်းယူသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ သုဘရာဇာကြီးမလုပ်နဲ့"

နာရေးမဏ္ဍပ်ထဲမှာ ရုတ်ရုတ်သဲသဲဖြစ်လို့သွားသည်။ အလောင်းဘေးနားမှာ သူဌေးရဲ့အမိန့်နဲ့ သူတပည့်တွေကဝိုင်းလို့ထားသည်။

သုဘရာဇာကြီးကလည်း အလောင်းကိုယူသွားဖို့ကြိုးစားနေသည်။

ထိုစဉ် ...

"ဘာဖြစ်နေကြတာလဲ ... အားလုံးငြိမ်ငြိမ်နေကြစမ်း"

အလွန်ကျယ်လောင်လှသောအသံနှင့်အတူ သူကြီးက ရွာလူကြီးတချို့နှင့်အတူရောက်လာသည်။

သုဘရာဇာကြီးက ...

"ကျုပ်က ကျုပ်အလုပ်ကျုပ်လာလုပ်တာ သူဌေးက သူ့မယားအလောင်းကိုမပေးဘူးပြောနေတယ်"

"အေး အေးပြောကြတာပေါ့ ကိုညိုတုတ်ရယ် လာထိုင်ပါ"

သူကြီးက သုဘရာဇာကြီးကိုချော့ကာ ဖျာကြမ်းပေါ်ထိုင်ခိုင်းလိုက်သည်။

အကျိုးအကြောင်းကိုလည်း နားလည်အောင် လေသံတိုးတိုးဖြင့်ရှင်းပြလိုက်ရာ သုဘရာဇာကြီးက ...

"သူကြီးရယ် သူဌေးလုပ်ရပ်တွေက အရူးတစ်ယောက်လိုဖြစ်မနေဘူးလား"

"အင်း ... ဟုတ်တော့လည်းဟုတ်ပါတယ် နောက်တော့တဖြည်းဖြည်းကြည့်ပြောရတာပေါ့ သုဘရာဇာကြီးလည်း စိတ်ထဲမှာဘာမှမထားနဲ့ ကျုပ်မေတ္တာရပ်ခံပါတယ်"

"အင်းလေ ... သူကြီးကိုယ်တိုင်လက်ခံမှတော့ ကျုပ်ဘာမှမပြောလိုပါဘူး။ တစ်ခုတော့ရှိတယ် သချိုင်းမှာကျုပ်လုပ်ထားတဲ့ မအေးမေအုတ်ဂူတို့တော့မဖျက်ဘူး။ သဂြိုဟ်ချင်တဲ့နေ့ လာသဂြိုဟ်ရအောင်ထားလိုက်မယ်"

"သချိုင်းကိစ္စကတော့ သုဘရာဇာကြီးသဘောပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သုဘရာဇာကြီးက ခေါင်းတဆတ်ဆတ်ညိတ်ကာ မတ်တတ်ရပ်၍ ပုဆိုးပြင်ဝတ်လိုက်ပြီး ...

"သူငှေး အခုတော့ ခင်ဗျားအရှိန်တက်နေတုန်းဆိုတော့ ကျုပ်ဘာမှ မပြောလိုဘူး။ အဲ မသာဆိုတာသုဘရာဇာသာပိုင်တာ တစ်နေ့ကျုပ်အလောင်း လာယူမယ်"

ပြော၍ ဝါးရင်းတုတ်ကြီးကိုကိုင်ကာ ခြေလှမ်းကျဲကြီးများဖြင့် မသာ မဏ္ဍပ်ထဲမှထွက်သွားတော့သည်။

❖ ၀၀ ❖



www.burmeseclassic.com

www.burmeseclassic.com

ရက်လည်တဲ့နေ့မှာတော့ မအေးမေအလောင်းကိုထားရန် ဆောက်ထားသည့် အဆောက်အဦကလည်းပြီးလို့သွားသည်။ အဆောက်အအုံကိုလုပသော ဗိသုကာလက်ရာများဖြင့် တခမ်းတနားဆောက်လို့ထားတာကြောင့် မြင်ရသူအားလုံးအံ့သြကြသည်။

အဆောက်အဦထဲတွင် လူတစ်ယောက် သက်ရှိထင်ရှားရှိစဉ်က အတိုင်း အဝတ်ဗီရိုသေတ္တာ၊ ထမင်းဝိုင်း ရေအိုးစတာတွေကို စနစ်တကျထားတာကြောင့် သူဌေးကတော်အေးမေတစ်ယောက် အသက်ရှင်လျက်နေနေသည်ဟုပင်ထင်ရလောက်သည်။

“သူဌေးလည်း ဒီထဲမှာနေမှာလား”

“ညဘက်တော့ အိမ်ပေါ်တက်အိပ်မှာပေါ့ကွာ အေးမေ တစ်နေ့သူ့ဝိညာဉ်ပြန်လာမှာကွ အလောင်းကိုအထိအပွန်းအပဲ့မခံနိုင်ဘူး”

“ညဘက်အစောင့်ထားမှသင့်တော်မယ်ထင်တာပဲ သူဌေးရယ် သုဘရာဇာကြီးကလွယ်တာမဟုတ်ဘူး”

“အေးဟုတ်တယ် ... နှစ်ယောက်စီအစောင့်ထားမယ်”

သူဌေးဆုံးဖြတ်လိုက်သည်။ နေ့လယ်နှစ်နာရီလောက်ရောက်လာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲဟေ့ ... ငါ့မိန်းမ အိမ်သစ်တက်ပွဲလုပ်မယ် ပြင်ကြဟေ့"

သူဌေးအမိန့်ရတော့ ရွာကလူငယ်တွေက အလောင်းကိုမရန်ပြင် လိုက်စဉ် ...

"ခဏနေဦးဟေ့"

အသံကြီးနှင့်အတူ သုဘရာဇာကြီးက အခေါင်းနက်ကြီးကိုထမ်းလာ ကာ ခြံထဲသို့ဝင်လာသည်။

"သုဘရာဇာကြီး ဘာလုပ်တာလဲ"

"သူဌေးကလည်းဗျာ မသာနဲ့အလိုက်ဖက်ဆုံးက အခေါင်းပဲမလား။ ကျုပ်ကိုယ်တိုင်စပ်ထားတဲ့အခေါင်း လာပို့တာဗျို့ ... ကျုပ်သုဘရာဇာ လုပ်ခဲ့တဲ့သက်တမ်းတစ်လျှောက်မှာ ဒီအခေါင်းအလှဆုံးပဲ သိပ်လှတဲ့သူဌေးမိန်းမ နဲ့လိုက်အောင်ပါ"

သုဘရာဇာကြီးကခေါင်းနက်ကြီးကို မသာဘေးချကာ ကိုယ်ပေါ်က ချွေးတို့ကို ပေါင်းထားသည့်သဘက်နှင့်သုတ်ရင်း ပြောလိုက်သည်။

"ကျုပ်ကိုတကူးတကစေတနာထားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ်က ကျုပ်မိန်းမကိုခေါင်းထဲထည့်မှာမဟုတ်ဘူး၊ ခုတင်ပေါ်မှာဒီတိုင်း ထားမှာ ... "

"မဟုတ်တာ သူဌေးရယ်၊ ယင်အုံပိုးတက်ဖြစ်နေပါဦးမယ်"

"မဖြစ်အောင်ကျုပ်စီမံထားပါတယ် ၊ အခေါင်းကိုသုဘရာဇာကြီးသာ ပြန်ယူသွားပါတော့"

သုဘရာဇာကြီးကတစ်ချက်ပြုံးလိုက်ပြီး ...

"ရောက်လာတဲ့ ခေါင်းကိုပြန်ယူရိုးထုံးစံမရှိဘူး၊ မသာကိုခေါင်းမသွင်း ချင်လည်း ဒီအတိုင်းသာထားလိုက် ကျုပ်ကသုဘရာဇာဆိုတော့ ကူနိုင်တာကူတာ ဗျို့"

ပြော၍ ခြံထဲမှထွက်သွားသဖြင့် ခေါင်းနက်ကြီးက မအေးမေ့အလောင်း ဘေးမှာကျန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မထူးပါဘူးကွာ အခေါင်းကိုအေးမေခုတင်အောက်မှာပဲ ထားလိုက်တာပေါ့"

ထို့နောက် ...

မသာအိမ်သစ်တက်ပွဲကို စည်ကားစွာသူဌေးကကျင်းပလိုက်လေတော့သည်။


❖ ၀၀ ❖



www.burmeseclassic.com

www.burmeseclassic.com

မသာလာပို့သူတွေက အလောင်းပါမလာဘဲ
ဝိညာဉ်သက်သက်လာပို့တာကို
သုဘရာဇာကြီးက ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## လိပ်ပြာဆိုဂြိုဟ်ပွဲ

"အဖေရယ် တော်ရုံရွာထဲကကိစ္စတွေကို မပြောပါနဲ့ သူတို့ကျေနပ်လို့ သူတို့လက်ခံတဲ့ကိစ္စကို အဖေသွားပြောတော့ အဖေ့ကိုမုန်းမှာပေါ့"

နှံ့သာက ညနေစောင်းရေမိုးချိုးပြီး နားနေတဲ့ဖခင်ကိုပြောလိုက်ရာ သုဘရာဇာကြီးက ခေါင်းကိုဖြည်းဖြည်းချင်းရမ်းလိုက်ပြီး ...

"ရွာထဲမှာ မသာတွေတော့ဆက်တော့မှာပဲ သမီးရယ်"

"ရှင် ... ဘာလို့လဲ အဖေ"

"ဘာဖြစ်ရမလဲ သမီးရဲ့၊ ဓလေ့ထုံးစံနဲ့မညီရင်ရွာနာတယ်လို့အဆိုရှိတယ်မလား၊ ဒီတော့ ရွာမှာအလောင်းဆက်မှာပဲလေ"

"အဖေရယ် ဒါတွေကအစွဲတစ်ခုပဲမလား၊ အခုသူဌေးလုပ်ရပ်က ရွာကလူအားလုံးကျေနပ်ကြတယ်လေ ဘာမှမဖြစ်လောက်ပါဘူး"

"ဟင်း"

သုဘရာဇာကြီးက သက်ပြင်းရှည်ကြီးကိုမှုတ်ထုတ်ကာ သူ့ဘေးမှ ကွမ်းအစ်ကိုဖွင့်၍ ကွမ်းကိုယာရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငွေရှိတိုင်းလုပ်လို့ရတာ ဝိညာဉ်လောက ပရလောကကိုလုပ်ချင်တိုင်းလုပ်လို့မရဘူး ဒေါ်ဒုက္ခရောက်တတ်တယ်"

ထိုစဉ် ...

"ဒူ ... ဝေ ... ဒူ ... ဝေ"

ကြေးစည်သံကြားရ၍ သူဘာရာဇာကြီးခေါင်းထောင်သွားရသလို နှံသာလည်းအံ့သြသွားသည်။

"ညနေစောင်း ဘယ်ကမသာချလာတာလဲ အဖေ"

"မသိဘူးကွယ့် လာသွားကြည့်ရအောင်"

သူဘာရာဇာကြီးက ယာထားတဲ့ကွမ်းကိုပါးစပ်ထဲထိုးထည့်လိုက်ပြီး နှံသာနှင့်အတူ သချိုင်းဝသို့ထွက်လာသည်။

"ဟင်"

မသာချလာသူတွေမှာ အခေါင်းမပါ ရှေ့ဆုံးမှကြေးစည်ထုသူနှစ်ဦး သူနောက်မှာ ပန်းတစ်ပွင့်ကိုကိုင်ထားသည့်ရွာသားတစ်ဦး ထိုလူများနောက်မှာ လူဆယ့်ငါးဦးခန့်ရှိသည်။ အားလုံးမှာ ယောက်ျားသားများပင်ဖြစ်သည်။

"ဘာလာလုပ်တာလဲဟေ့"

သူဘာရာဇာကြီးက လှမ်းအော်မေးလိုက်ရာ ကြေးစည်ထမ်းသည့် ရှေ့ဆုံးကလူက ...

"လိပ်ပြာလာပို့တာပါ"

"ဟင် ... ဘာလဲကွ အဓိပ္ပါယ်မရှိတာ ဘယ်သူခိုင်းတာလဲ"

"သူဌေးခိုင်းတာပါ"

"ဟာကွာ ... တောက်"

သူဘာရာဇာကြီးတောက်ခေါက်သံပြင်းပြင်းကို ကျယ်လောင်စွာခေါက်လိုက်သည်။

"မင်းတို့သူဌေးကတော့ ငွေရှိရှိုင်းလုပ်ချင်ရာလုပ်နေတော့တာ အလောင်းမသင်္ဂြိုဟ်ဘဲ လိပ်ပြာလာပို့ရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာလာပို့သူဆိုသူတွေက သချိုင်းဝရပ်ကာ ဘာလုပ်ရမှန်းမသိလို့ ရပ်နေကြသည်။ နှံ့သာက ဖခင်သုဘရာဇာကြီးနားကပ်၍ လေသံတိုးတိုးနှင့်–

"သူတို့လာပို့တာလက်ခံလိုက်ပါအဖေရယ် တော်ကြာရွာထဲမှာ အထိတ်တလန့်ဖြစ်ရင် သမီးတို့လက်မခံလို့ဖြစ်နေပါ့မယ်"

သုဘရာဇာကြီးက ကွမ်းတံတွေးကိုတစ်ချက်ထွေးထုတ်လိုက်ပြီး–

"လာ ... မင်းတို့ယူလာတဲ့လိပ်ပြာသန်းကို အေးမေအတွက်လုပ်ထားတဲ့အုတ်ဂူပေါ်မှာသာတင်ခဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

အားလုံးခေါင်းညိတ်ပြလိုက်ပြီး သချိုင်းထဲသို့ ဝင်လာခဲ့ကြတော့သည်။

❖ ၀၀ ❖



"အု ... အူး ... အူး ... "

ခွေးအူသံတွေက ညဉ့်နက်သန်းခေါင်ရွာထဲမှာဆူညံလို့နေလိုက်တာ ကြားရသူတွေကြောက်လန့်ကာ ကြက်သီးတွေတဖြန်းဖြန်းထလို့နေသည်။

"သူဌေး ... သူဌေးကတော် ဒီညနှုတ်ဆက်ညနော်"

"ဖိုးတင် ငါ့မိန်းမကငါ့ကိုဘာလို့နှုတ်ဆက်မှာလဲ၊ ငါဘယ်ကိုမှလို့သဲခြံထဲမှာပဲထားတာလေ နှုတ်ဆက်စရာမလိုပါဘူး"

သူဌေးက ဖိုးတင်ပခုံးကိုဖက်ကာ သူ့မိန်းမအလောင်းကိုကြည့်ရင်းပြောလိုက်သည်။

"အု ... အူး ... အူး"

ခွေးအူသံတွေကလည်း သူဌေးခြံကိုကြည့်ကာ ဟူးဟူးဝါးဝါးကိုအူလို့နေသည်။

"သူဌေး ခွေးတွေကလည်းတအားအူတာပဲ"

"ခွေးအူတာပဲကွာ အဆန်းလုပ်လို့ အူပါစေ ကြိုက်သလောက်အူ... ငါ့မိန်းမတောင်အပြင်းပြေသေး"

"ဟာ သူဌေးကလည်း ခွေးအူတာမကောင်းဆိုးဝါးတွေ့လို့အူတာလေ၊ သူဌေးကတော်ရဲ့ဝိညာဉ်ကို သူ့အဖော်တွေလာခေါ်တာလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အု ... အူး ... အူး ... "

ခွေးအူသံတွေက ညဉ့်နက်သန်းခေါင်ရွာထဲမှာဆူညံလို့နေလိုက်တာ ကြားရသူတွေကြောက်လန့်ကာ ကြက်သီးတွေတဖြန်းဖြန်းထလို့နေသည်။

"သူဌေး ... သူဌေးကတော် ဒီညနှုတ်ဆက်ညနော်"

"ဖိုးတင် ငါ့မိန်းမကငါ့ကိုဘာလို့နှုတ်ဆက်မှာလဲ၊ ငါဘယ်ကိုမှလို့လဲ ခြံထဲမှာပဲထားတာလေ နှုတ်ဆက်စရာမလိုပါဘူး"

သူဌေးက ဖိုးတင်ပခုံးကိုဖက်ကာ သူ့မိန်းမအလောင်းကိုကြည့်ရင်းပြော လိုက်သည်။

"အု ... အူး ... အူး"

ခွေးအူသံတွေကလည်း သူဌေးခြံကိုကြည့်ကာ စူးစူးဝါးဝါးကိုအူလို့နေ သည်။

"သူဌေး ခွေးတွေကလည်းတအားအူတာပဲ"

"ခွေးအူတာပဲကွာ အဆန်းလုပ်လို့ အူပါစေ ကြိုက်သလောက်အူပစေ ငါ့မိန်းမတောင်အပြင်းပြေသေး"

"ဟာ သူဌေးကလည်း ခွေးအူတာမကောင်းဆိုးဝါးတွေ့လို့အူတာ လေ၊ သူဌေးကတော်ရဲ့ဝိညာဉ်ကို သူ့အဖော်တွေလာခေါ်တာလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတင်မျက်နှာငယ်လေးနှင့်ပြောရာ သူဌေးကမျက်နှာတင်းလို့သွားပြီး ...

"ဟော့ကောင် ငါ့မိန်းမကိုလာခေါ်တယ်ဆိုတဲ့စကားမပြောနဲ့ မင်းကြောက်ရင်ဒီမှာလာမနေနဲ့ထွက်သွား"

"မ ... မကြောက်တော့ပါဘူး"

ဖိုးတင်ကပြောသာပြောရသည် ကြောက်စိတ်ကြောင့် ကြက်သီးတွေတဖြန်းဖြန်းထလို့နေသည်။

ခုနစ်ရက်လုံးလုံးပင်ပန်းထား၍ ရွာသားတချို့နှင့်သူဌေးတပည့်များကမထွေ့ဝထဲမှာ ပိုးလိုးပက်လက်လန်လို့နေသည်။

တချို့ကဆိုလျှင် ဟောက်တောင်ဟောက်လို့နေသည်။

မအိပ်ဘဲ အလောင်းကိုတစိမ့်စိမ့်ထိုင်ကြည့်နေတာ သူဌေးနှင့်ကြောက်လွန်း၍ အိပ်မပျော်နိုင်သည့်ဖိုးတင်တို့ကတော့ အလောင်းထားသည့်အိမ်သစ်ထဲမှာရှိနေကြသည်။

ထိုစဉ် ...

"သူဌေးရေ ... သူဌေး"

ခြံဝမှ မိန်းမတစ်ယောက်၏အော်သံကြောင့် သူဌေးကဖိုးတင်အား-

"အချိန်မတော် ဘယ်သူလဲ သွားကြည့်စမ်း"

"ဟုတ်ကဲ့"

ဖိုးတင်ခြံဝထွက်၍ကြည့်လိုက်ရာ ရွာတောင်ပိုင်းကမညိုဖြစ်နေသည်။

"ဟဲ့ ဆံပင်ဖရိုဖရဲနဲ့ဘာဖြစ်လာတာလဲ"

"ဟိုလေ ... ဟို ... သူဌေးကတော် ကျုပ်အိမ်ရောက်နေလို့တော့"

"ငါ့သူဌေးကတော်က ဟိုမှာပက်လက်ကြီး နင့်အိမ်ဘယ်လိုလာလို့လဲ အဓိပ္ပါယ်မရှိတာ"

ဖိုးတင်က အသံမာမာနှင့်ဟောက်လိုက်ရာ မညိုကကြောင်တောင်ဖြစ်သွားစဉ် သူ့ယောကျာ်းမောင်ကြည်အပြေးရောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မညို အိပ်မက်တွေမက်ပြီး မသာအိမ်ရောက်လာတယ် လာလာ ပြန်မယ်"

"ဟင်"

မညိုကကြောင်တောင်တောင်အမူအရာနှင့် ဖိုးတင်ကိုကြည့်လိုက် သူ့ယောက်ျားကိုကြည့်လိုက်လုပ်နေသည်။

"မောင်ကြည် မင်းမိန်းမဂရုစိုက်ဦး အိပ်မက်တွေမက်ပြီးလျှောက်သွား ရင် ဒုက္ခဖြစ်လိမ့်မယ်"

"အေးပါကွာ ငါခေါ်သွားပါ့မယ် လာမိန်းမလာ"

မောင်ကြည်က သူ့မိန်းမကိုပခုံးဖက်ကာ အမှောင်ထဲသို့ခေါ်သွား သည်။

"ကျုပ် တကယ်တွေ့လိုက်တာ ကိုကြည် ... မအေးမေကကျုပ်နား မှာ လာထိုင်နေတယ်"

"အိပ်မက်ပဲကွာ မက်ချင်ရာမက်မှာပေါ့"

"အရင်အိပ်မက်တွေနဲ့မတူဘူး ကျုပ်လည်းမအေးမေကိုသူ့ခြေခေါ်နိုင် အောင်ပြေးပြေးတာ ရှင်နောက်ကလိုက်လာလို့"

"အိမ်ထဲမှာ ဘာမှမရှိပါဘူးကွာ လာ ... အိမ်ရောက်ရင် ရေမန်း သောက်ပြီးအိပ်လိုက်နော်"

"အင်း"


မောင်ကြည်လည်း သူ့မိန်းမ မညိုကို နှစ်သိမ့်ကာအိမ်သို့သာ ခေါ်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးဟာလောင်းက သချိုင်းရောက်လာလေ
လေးလာလေနှင့် နောက်ဆုံးမှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## ဆက်ထိုက်ဘေးတွဲ နာရေး

"အမလေး အမေရဲ့အဖြစ်ဆိုးလှချည်လား ကျုပ်ဘယ်လိုဖြေရမှာလဲတော့"

မိစမ်းအေးအော်ငိုလိုက်သည့်အသံက ဘေးပတ်ဝန်းကျင်အိမ်များသို့ ပင်လန့်လို့သွားသည်။

မိစမ်းအေးအိမ်သို့အပြေးရောက်လာကြတော့ အိမ်ရှေ့ဘုရားခန်းမှာ မိစမ်းအေးအမေ ဒေါ်ငြိမ်းတင်ကဆန့်ဆန့်ကြီးသေလို့နေသည်။

"မိစမ်းအေးရယ် ဘယ်လိုဖြစ်တာလဲ"

"မသိပါဘူးကြီးတော်ရယ် ညဘက်ကတစ်ညလုံး သူ့ကိုလာခေါ်နေတယ်ဆိုပြီးတော့ လန့်လန့်အော်တာ မနက်ရောက်တော့ အသက်ပါသွားတော့တာပဲ"

ဒေါ်ငြိမ်းတင်က ယခင်တည်းကလေဖြတ်ထားသည့်ဝေဒနာသည်ဖြစ်သလို အိပ်ရာထဲကနေ ထနိုင်တာမဟုတ် မိစမ်းအေးမှာလယ်လုပ်ရတာတစ်ဖက် မိခင်ကိုပြုစုရတာတစ်မျိုး အခုတော့လည်း မိခင်ကဆုံးသွားလေပြီ...



www.burmeseclassic.com

www.burmeseclassic.com



မသာတစ်ခုဖြစ်တယ်ဆိုတော့ ရပ်ရွာထုံးစံအတိုင်းဝိုင်းဝန်းကြတာပေါ့။ အိမ်ရှေ့ခြံထဲမှာ ရွာသားတွေကန္နားဖျင်းထိုးနေချိန်မှာ သူကြီးရောက်လာပြီး ...

"အင်း ရွာမှာတော့တစ်လောင်းပြီးတစ်လောင်းကိုဖြစ်နေတော့တာပဲ ဒေါ်ငြိမ်းတင်သေတာနဲ့ဆို ငါးလောင်းဆက်ပဲ ဖိုးခွေးမိန်းမ မိကြင်ဆုံးတာမနေ့ကမှရက်လည်တယ် ...

ဒီအတိုင်းဆိုဘယ်လိုလုပ်ကြမလဲ ကြာရင် ရွာပါပျောက်တော့မယ်"

"သူကြီး ... အခုလိုရွာမှာဆက်တိုက်သေတာ သူဌေးကိုစောအောင်မိန်းမသေပြီးတည်းကနော်"

စိန်အောင်စကားကြောင့် သူကြီးမျက်နှာပျက်လို့သွားသည်။ မအေးမေအလောင်းကိုမဂြိုဟ်ဖို့ သူကိုယ်တိုင်ခွင့်ပြုခဲ့တာမဟုတ်လား။

"သေတာလည်းဗျာ မိန်းမတွေချည်းပဲ မအေးမေက အဖော်ခေါ်နေသလားမှတ်ရတယ်"

"စိန်အောင် ပေါက်ကရတွေပြောမနေနဲ့ လုပ်စရာရှိတာသွားလုပ်"

သူကြီးကလေသံမာမာနှင့်ဟောက်လိုက်မှ စိန်အောင်ကဇာတ်ကလေးပုကာထသွားသည်။

"ပြောရဦးမယ်သူကြီးရေ ရွာထဲမှာခွေးအူတာနဲ့ နောက်နေ့ဆိုတစ်ယောက်သွားပြီ ရွာထဲကလူတွေတောင်ညဘက်ဆိုအပြင်မထွက်ရဲတော့ဘူး"

"စိတ်ကထင်လို့ပါ သန်းစိန်ရယ်"

"ဟိုလေ သူဌေးခြံထဲကအလောင်းထားတဲ့အိမ်ရှေ့မှာ သန်းခေါင်လောက်ဆို အေးမေက လမ်းထလျှောက်တယ်တဲ့"

"နင့် ဘယ်သူပြောလဲ"

"မြင်တဲ့လူမြင်နေတာပဲ ခက်တာက သူဌေးကသူ့မိန်းမရုပ်အလောင်းကို ဒီနေ့ထိအဝတ်အစားလဲပေးလိုက် မိတ်ကပ်ပြင်ပေးလိုက်လုပ်နေတာ ...



www.burmeseclassic.com

www.burmeseclassic.com



ဟိုက သရဲတစ္ဆေများဖြစ်နေရင် အကြိုက်ပေါ့သူကြီးရယ်"

သူကြီးလည်း သန်းစိန်ပြောတာကိုငြိမ်၍နားထောင်နေသည်။

"အလောင်းကိုပရောဂဆရာထိပ်ခေါင် စီရင်ထားတာ ဒီနေ့ထိမပုပ်ဘူး တဲ့ သူလုပ်တဲ့အတိုင်း အေးမေလိပ်ပြာအလောင်းဆီပြန်လာမှာပဲ"

"ဟဲ့ သန်းစိန် မသာအိမ်မှာဘာတွေပြောနေတာလဲ အကုန်ကြောက် လန့်ကုန်မယ်"

သူကြီးကဟန့်လိုက်မှ သန်းစိန်လည်းငြိမ်လို့သွားသည်။ ရွာထိပ် သဲချောင်းကိုဖြတ်ထိုးထားသည့် သစ်သားတံတားကြီးကတော့ ပြီးလို့နေသည်။

ထိုတံတားအတွက် ရွာမှလူတွေအသက်ရင်းရသလိုဖြစ်နေတာကြောင့် စိတ်မကောင်းနိုင်အောင်ဖြစ်ရလေသည်။

"သချိုင်းကသုဘာရာဇာဆီ သွားအကြောင်းကြားကြဦး"

"မောင်ချိုတို့ကိုလွှတ်လိုက်တယ် သူကြီး"

"အေး ‗ အေး ‗ သုဘာရာဇာကြီးက မသာဖြစ်ရင် သူ့ကိုအကြောင်း ကြားမှကြိုက်တာ အေးလေ သူကသချိုင်းဘုရင်ဆိုတော့ မသာကိုသူပိုင်တာ ပေါ့"

"ဟုတ်တယ်သူကြီး မိကြင်ကိစ္စတုန်းကတောင် ပြောလိုက်သေးတယ် ရွာမှာမသာတွေမကုန်သေးဘူး ငါးကျင်းအဆင်သင့်လုပ်ထားမယ်တဲ့"

"ဟင် ‗ သုဘာရာဇာကြီးက အဲလိုပြောတယ်ဟုတ်လား"

သူကြီးကအံ့သြစွာမေးလိုက်သည်။

"ဟုတ်တယ် သုဘာရာဇာကြီးအကြားအမြင်ရနေလားမသိဘူးနော်"

"အင်း ... "

သူကြီးစဉ်းစားလိုက်သည်။ သူကရွာမှာသူကြီးဆိုတော့ သူ့ရွာအကြောင်း သူသိသလို သုဘာရာဇာကြီးကလည်း သူ့သချိုင်းအကြောင်းသူသိတာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

"ကိုမောင်ကြည်ရယ် ညညဆိုကျုပ်ကောင်းကောင်းအိပ်မပျော်ဘူး"

"ဘာလို့လဲ မညိုရယ်"

တရေးနိုးအိပ်ရာမှထကာ မျက်နှာမကောင်းစွာနှင့်ပြောသည့် မညိုကို မောင်ကြည်ကမေးလိုက်သည်။

"ကျုပ်ဘေးနားမှာ မအေးမေက တစ်ညလုံးလာလာထိုင်နေတယ်၊ ပြီးတော့သူဒီမှာနေချင်လို့တဲ့"

"အိပ်မက်ပဲကွာ"

"အိပ်မက်တော့ အိပ်မက်ပဲ၊ ဒါပေမယ့် ညတိုင်းမက်နေတော့ ကျုပ်ကြောက်တယ်"

မောင်ကြည်ကလေးနက်စွာစဉ်းစားလိုက်ရင်း ...

"နေချင်ရင်နေခိုင်းလိုက်ကွာ၊ ဒါပေမဲ့ ဒီအကြောင်းကိုသူ့ဌေးမသိစေနဲ့ သူကသူ့မိန်းမအလောင်းတောင်သင်္ဂြိုဟ်တာမဟုတ်ဘူး"

"ကျုပ်လည်းအဲလိုပဲစဉ်းစားထားပါတယ်"

"ကဲ – ပြန်အိပ်တော့ မနက်လင်းဖို့အစောကြီးလိုသေးတယ်မငြေး"

မညိုလည်းပြန်လှဲကာစဉ်းစားလိုက်သည်။ မအေးမေကသူ့ဌေးနှင့် မညားခင် သူနှင့်အလွန်မှကိုရင်းနှီးခဲ့ကြသည်။ သူ့ကိုညီမရင်းတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့ပေမယ့် သူဌေးနဲ့ညားပြီးတော့လှည့်တောင်မကြည့်တော့ ...

အလှအပအလွန်မှုကိုကြိုက်သည့် မအေးမေဟာအချိန်ပြည့်သူ့မျက်နှာကိုချယ်သခြင်းဖြင့်သာ အချိန်ကုန်နေလေ့ရှိသည်။

အစားအသောက်အဝတ်အစားအဆုံး ကောင်းကောင်းစား ကောင်းကောင်းဝတ်ကာနေခဲ့သည်။ မိခင်အိုကြီးကိုလည်းမသနား သူကိုယ်တိုင်ကတော့ဘာမှမလုပ်။

ရွာဦးကျောင်းမှာလုပ်စရာရှိလို့အဖော်ခေါ်လျှင်တောင် မကြိုက်တတ်တာကြောင့် ဘုန်းကြီးကျောင်းသွားလျှင်မခေါ်ဖြစ်တော့။

အလှအပလောက် ဘာကိုမှအလေးမထားသည့် အေးမေရဲ့ကံကလည်း ထူးခြားလွန်းလှသည်။ သူဌေးကိုစောအောင်က အေးမေကို စွဲလမ်းစွာနှင့် လက်ထပ်ခဲ့ရာ နေ့ချင်းညချင်းကိုသူဌေးကတော်ဘဝရောက်သွားကာ ဘယ်သူ့ကိုမှလည်း လူမထင်အောင်ဖြစ်ခဲ့တော့၏။

"မညို ဘာတွေစဉ်းစားနေတာလဲ အိပ်တော့လေ"

မောင်ကြည်ကတလှုပ်လှုပ်ဖြစ်နေသည့် မညိုကိုသတိပေးလိုက်သည်။

"ကျုပ်စဉ်းစားနေတာ ကျုပ်ဆီမှာမအေးမေလာနေမယ်ဆိုရင် ကျုပ်ကိုယ်ဝန်ရတော့မှာပေါ့နော်"

"အင်း ... ဟုတ်မယ်နဲ့တူတယ်"

"ဟုတ်မယ်တွေ ဘာတွေလုပ်မနေနဲ့ မအေးမေကိုယ်ဝန်ဆို ကျုပ်ကြောက်တယ်မမွေးချင်ဘူး"

"ကလေးပဲကွာ ဘယ်သူဖြစ်ဖြစ်မွေးရမှာပဲ"

မညိုလည်း ဘာမှမပြောတော့ဘဲ ငြိမ်သာနေလိုက်သည်။ အိမ်ထောင်ကျတာတစ်နှစ်ကျော်ပြီ ဒီနေ့ထိကလေးမရ ခုရမယ်ဆိုတော့လည်း မသကြိုဟ်ရသေးသည့်အလောင်းရဲ့ ဝိညာဉ်ကဝင်စားမယ်တဲ့လေ

တစ်ရွာလုံးကိုဒုက္ခပေးသည့်ဝိညာဉ်က သူ့ဗိုက်ထဲလာနေမည်ဆိုလျှင် ရွာထဲဘာတွေဖြစ်ဦးမှာလဲ ...



www.burmeseclassic.com

www.burmeseclassic.com




သူကိုယ်တိုင်လည်း ဘာတွေဖြစ်နိုင်မလဲ တွေးရင်းတွေးရင်း ကြက်သီးတွေထလို့နေတော့သည်။

❖ ⌛⌛ ❖

www.burmeseclassic.com

www.burmeseclassic.com

ကလေးကို မသိဂြိုဟ်သေးဘဲ ဝိညာဉ်ရှိသည့်
ဗိုက်ရူပေါ်တင်လိုက်သောအခါ ကလေးရဲ့မျက်ခွံများက ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## ဆံကြိုပြတ်ပေးပါ

"ဝါး ... "

"အား ... အ ... အား"

ကလေးရဲ့ငိုသံနှင့်အတူ နာကျင်စွာအော်လိုက်သည့်မညိုတစ်ယောက် ငြိမ်သက်သွားတော့သည်။

"ဟဲ့ မညို ဘာဖြစ်သွားတာလဲ"

"အေးဟဲ့ ... ခေါ်လို့လည်းမရတော့ဘူး"

ဝမ်းဆွဲသည် ဒေါ်အေးရဲ့အသံနှင့်အတူ ဘေးကပိုင်းကူနေသည့် မိန်းမတို့ရဲ့အသံကဆူညံလို့သွားသည်။

"ဟဲ့ ... ကလေးရဲ့အခြေအနေကြည့်ပါဦး"

"တစ်ချက်ပဲအော်တယ် မလှုပ်တော့ဘူး ဘယ်လိုလုပ်မလဲ"

"မောင်ကြည်ကို အကျိုးအကြောင်းပြောရမှာပေါ့ နှစ်ယောက်စလုံး ကံဆိုးရှာတယ်လေ"

ဝမ်းဆွဲသည်ဒေါ်အေးနှင့်ဝိုင်းကူသည့်မိန်းမကြီးများ အနေမှပြင်သို့ ထွက်လာတော့ မောင်ကြည်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အေး ... ကျွန်တော့်မိန်းမအခြေအနေ ..."

"ဆုံးသွားရှာပြီ"

"ဗျာ"

မောင်ကြည်က အံ့အားသင့်ကာ ဘာစကားမှဆက်မပြောနိုင်အောင် ဖြစ်လို့သွားသည်။

"ကလေးလည်း ကံဆိုးတယ်မောင်ကြည်"

"ဖြစ်ရလေ မညိုရယ်"

မောင်ကြည်က အခန်းထဲဝင်ကာ မညိုအလောင်းကိုဖက်၍အားရစွာ ငိုသည်။

မညိုဘေးက ကလေးကတော့ လှုပ်တောင်မလှုပ်နိုင် ဒေါ်အေးက အခန်းထဲပြန်ဝင်လာကာ မောင်ကြည်ပခုံးကိုကိုင်၍ ...

"ငိုနေလို့မပြီးဘူး၊ မောင်ကြည်လုပ်စရာရှိတာလုပ်ရအောင်"

"ဒေါ်အေးတို့သာကြည့်စီစဉ်လိုက်ပါတော့"

"လူကြီးအလောင်းကရတယ် ကလေးအလောင်းကိုတော့ချက်ချင်းချမှ ဖြစ်မယ်၊ နေဦး အရက်သမားဖိုးတေကိုသွားခေါ်ခိုင်းလိုက်မယ်"

ဒေါ်အေးကပြောပြောဆိုဆိုနှင့် သူ့ကိုယ်တိုင်သွားခေါ်ကာ ပြန်လာသည်။

ဖိုးတေနှင့်သူ့အဖော်တစ်ယောက်မူးလို့နေသည်။

"ဒေါ်အေး ဒီအချိန်သင်္ချိုင်းကိုဘယ်သူမှသွားရဲတာမဟုတ်ဘူးနော်၊ ကျုပ်တို့ကသွားရမှာ အရက်ဖိုးတော့လောက်အောင်ပေး"

"ပေးပါ့မယ် ဟိုရောက်ရင်သုဘရာဇာကြီးနှိုးပြီး သဂြိုလ်လိုက်"

"စိတ်ချပါ"

ဖိုးတေကပုဆိုးအနီးပိုင်းနှင့်ထုပ်ထားသည့် ကလေးသေးလေးကိုပွေ့ကာ သင်္ချိုင်းသို့ထွက်လာသည်။

လမ်းရောက်တော့ ဖိုးတေက ...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးအလောင်းကလှုပ်တယ်ထင်တယ်"

"မင်းမူးနေလို့နေမှာပါ ဖိုးတေရယ် ညကြီးအချိန်မတော်ပေါက်ကရ မပြောရဘူး"

"အောင်မိုး အလောင်းကတဖြည်းဖြည်းလေးလာတယ် မင်းချိကြည့်"

"ဟုတ်တယ်"

အောင်မိုးကပြောင်းယူကာချိပြီး ဖိုးတေစကားကို ထောက်ခံလိုက်သည်။

နှစ်ယောက်သား ကြောက်စိတ်ကိုယ်စီရှိနေတာကြောင့် စကားမပြောတော့ဘဲ ခြေလှမ်းသုတ်သုတ်နှင့် သချိုင်းသို့သာလျှောက်လာကြသည်။

❖ ၆၆ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဗျို့ … သုဘရာဇာကြီး"

သချိုင်းဝကနေ မှောင်နေသည့် သုဘရာဇာကြီးထဲကိုလှမ်းအော်ကာ ခေါ်လိုက်သည်။

"ဗျို့ သုဘရာဇာကြီးထပါဦး"

"ဟေ … ညကြီးအချိန်မတော် ဘယ်သူတွေလဲကွ"

"ကျုပ်တို့ပါ ကလေးအလောင်းသင်္ဂြိုဟ်မလို့"

"မင်းတို့ကခက်တာပဲကွာ"

သုဘရာဇာကြီးက ညည်းညူကာ ရေနံဆီမီးခွက်ကြီးကိုထွန်း၍ တဲထဲမှ ဆင်းလာရာ သူ့နောက်မှ သူ့သမီး နှံ့သာလည်းလိုက်လို့လာသည်။

"ဘယ်လိုဖြစ်တာလဲ"

"မွေးပြီးပြီးချင်းဆုံးတယ်လို့ပြောတာပဲ"

"ကလေးအမေကတော့ ဘာမှမဖြစ်ဘူးမလား"

"သူပါဆုံးတာ"

"ဟင်"

သုဘရာဇာကြီးစိတ်မကောင်းဖြစ်ကာ အောင်မိုးလက်ထဲကကလေးကို လှမ်းယူ၍ချီလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချက်ချင်းသင်္ဂြိုဟ်ပေးရမယ်ဆိုရင် မင်းတို့စောင့်ကြည့်သွား"

"ရပါတယ်ဗျာ — သုဘရာဇာကြီးပဲကြည့်လုပ်လိုက်ပါတော့"

ဖိုးတေကပြောကာ နောက်လှည့်ဖို့ပြင်တော့ သုဘရာဇာကြီးက ...

"ဘယ်သူ့ကလေးလဲ — ပြောခဲ့ဦးလေကွာ"

"မောင်ကြည်မညိုရဲ့ကလေး မညိုခဲ့ုံးသွားပြီဆိုတော့ သုဘရာဇာကြီး လုပ်စရာရှိတာလုပ်ထားလိုက်ပါ"

"ပြီးရော"

အောင်မိုးနှင့်ဖိုးတေထွက်သွားတော့ နံ့သာက မီးခွက်ကိုမြှောက်ရင်း ...

"ကလေးမျက်နှာကိုကြည့်ရအောင် အနီးဖွင့်လိုက်ပါလားအဖေ"

"အေး"

သုဘရာဇာကြီးကအနီးကိုဖွင့်၍ကြည့်လိုက်ရာ ...

"အဖေ ကလေးကချစ်စရာကောင်းလိုက်တာ ဝတုတ်ဖြူလုံးနေတာပဲ ဘာလေးလဲ ဟာမိန်းကလေးပဲ"

"အေး ဟဲ့ သြော် လူ့လောကကိုရောက်ရောက်ချင်းပြန်သွားရရှာတယ်"

"အင်းလေ ဟုတ်ပါရဲ့"

နံ့သာကစိတ်မကောင်းစွာပြောရင်း သုဘရာဇာကြီးက ကလေးကို မနက်မှ သင်္ဂြိုဟ်ရန်အတွက် သူဌေးမိန်းမ မအေးမေလိပ်ပြာကို သင်္ဂြိုဟ်ထားသည့် အုတ်ဂူပေါ်တွင်ထားလိုက်သည်။

နံ့သာ ကလေးကိုနှမြောစွာနောက်တစ်ကြိမ်ကြည့်လိုက်ရာ ...

"ဟာ — အဖေ ကလေးရဲ့မျက်ခွံလေးတွေလှုပ်နေသလိုပဲ"

"ဟေ ... ဟုတ်လား"

"ဟုတ်တယ် အဖေရဲ့ သေချာကြည့် ဟောလှုပ်တယ်"

"အေး — အဟုတ်ပဲ ကလေးအသက်ကမသေသေးဘူး တက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်မယ် ခေါ်လာခဲ့သမီး အဖေတောထဲကရထားတဲ့ ဂမုန်းကိုကလေး လျှာပွတ်ပေးလိုက်မယ်"

"ဟယ် ဝမ်းသာလိုက်တာ ဒီကလေးသမီးတို့ပိုင်ပြီနော်"

"ခေါ်လာပါ သမီးရယ်"


နံ့သာလည်း ကလေးကိုဝမ်းသာစွာချီ၍ သူတို့တဲလေးဆီသို့ခေါ်လာခဲ့တော့သည်။

❖ ၀၀ ❖



www.burmeseclassic.com

"ကလေးက လူဝင်စား သူ့ဘဝဟောင်းကရုပ်အလောင်းကို
မသင်္ဂြိုဟ်လို့ဒေါသထွက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## ထိမ်ဆိမ်းလေးရဲ့ဦးသံ

"သမီးလေး အိပ်ဦးကွယ် မေမေကကျောင်းတူးရဦးမယ် ပြီးရင်အပင်တွေရေလောင်းရဦးမှာ"

ပုခက်ထဲက ကလေးကို နှံ့သာက ချော့မော့ကာ သိပ်လို့နေသည်။ သုဘရာဇာကြီးကတောထဲဝင်ကာ သစ်မြစ်သစ်ဖုတို့ကိုရှာကာ ဝင်ငွေရရန် မြို့တက်ရောင်းသဖြင့် သင်္ချိုင်းမှာ နှံ့သာနှင့်ကလေးသာကျန်ခဲ့သည်။

သင်္ချိုင်းမှာ နှံ့သာတို့ကလေးတစ်ယောက်ရတာကို ရွာကဘယ်သူမှ စိတ်မဝင်စားကြ။

သင်္ချိုင်းမှာတစ်ခါတရံ ကလေးများကိုလာရောက် စွန့်ပစ်လေ့ရှိကြသည်မဟုတ်ပါလား။

နှံ့သာကိုယ်တိုင်ကလည်း ဘယ်သူ့ကလေးမှန်းမသိ သင်္ချိုင်းနားမှာလာရောက်စွန့်ပစ်ထားတာကို သုဘရာဇာကြီးကမွေးစားခဲ့သည်လေ။

ကလေးကိုနွားနို့တိုက်ကာမွေးခဲ့တာ အခုဆိုလျှင် တစ်နှစ်နီးပါးဝင်ရှိတော့မည်ဖြစ်သည်။

ကလေးကအငိုအရယ်နည်းသလို ခပ်အေးအေးနေတတ်တာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နှံ့သာအတွက်ထိန်းရသက်သာလို့နေသည်။

ကလေးရဲ့အမည်ကိုလည်း တိမ်သမီးဟုစိတ်ကူးတည့်ရာ နှံ့သာက ပေးထားသည်။

"သမီးပေးတဲ့နာမည်ကအဆန်းပါလား ဘာလို့ကလေးကို တိမ်သမီး လို့ ပေးတာလဲကွယ်"

"အဖေကလည်း သမီးဘဝက ဘာကိုမှဦးတည်ချက်မရှိတာ မြောချင်ရာမြောလွင့်နေတဲ့ တိမ်တွေလိုပဲလေ ...

ဒီတော့သမီးရဲ့ကလေးကို တိမ်လိုမိန်းမရဲ့သမီး တိမ်သမီးလို့ပေးထား တာပေါ့"

"ဟား ... ဟား ... ဟား"

နှံ့သာပြောတာကို သုဘရာဇာကြီးက သဘောကျစွာအားရပါးရ ရယ်မောလို့နေသည်။

"အဖေက ဘာရယ်တာလဲ"

"ဩော် ... အေး ... တိမ်သမီးဆိုလို့ပါကွယ် ကောင်းပါတယ် တိမ်သမီးလေးရေ တိမ်သမီးလေးသချိုင်းရောက်လာမှ ဖိုးဖိုးကောင်းကောင်းကြီး ရယ်နိုင်တော့တယ်"

"အဖေကပြောတော့မယ်"

နှံ့သာက သူ့အဖေကိုပြောရင်း ကလေးကိုချစ်မဝဖြစ်ခဲ့သည်။

ကလေးရဲ့ကျန်းမာရေးကစလို့ အစားအသောက်ထိကို နှံ့သာကပြုစု သလို သုဘရာဇာကြီးကလည်း ကလေးအတွက်အရေးရယ်ဆို ငွေရှိအောင် တောထဲ၌ ဆေးပင် သစ်ဥသစ်ဖုတို့ကို ရှာဖွေလေ့ရှိသည်။

ထူးခြားတာက ကလေးကသူ့ဘွေးကတော် မအေးမေအုတ်ဂူကိုမြင်တာ နှင့် စူးဝါးစွာအော်ငိုလေသည်။

စကားစပြောတတ်တဲ့အရွယ်ရောက်လာတော့ တစ်ခါတရံနှံ့သာအား လွှတ်ခနဲနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ငါ့ကိုမသင်္ဂြိုဟ်ကြဘူး"

ဟုပြောလေ့ရှိသည်။ သူဘာရာဇာကြီးကတော့ တိမ်သမီးရဲ့ကွယ်ရာမှာ နံ့သာအား ...

"သမီးမြေးမလေးက လူဝင်စားနဲ့တူတယ်"

"ဟုတ်လို့လား အဖေရယ်"

"အဖေထင်ရင်မလွဲဘူး။ အေးမေသေလို့ဝင်စားတာနေမှာ ဘာကြောင့်လဲဆိုတော့ အုတ်ဂူလုပ်ပြီး မသင်္ဂြိုဟ်တဲ့သူဌေးကိုလည်း စိတ်နာနေပုံရတယ်၊ အုတ်ဂူမြင်တာနဲ့ငိုတော့တာပဲ"

"ဟုတ်တယ်နော် ... သူဌေးကတော့ မအေးမေအလောင်းကို ဒီနေ့ထိ ဝတ္တရားမပျက်ရှာဘူး"

"အင်းလေ လူ့ဘဝဆိုတာပြောရခက်တယ်မလား ဆန်းကြယ်မှုတွေ ဖြည့်နေတာလေ"

"ဟုတ်ပါ့ အဖေရယ်"

သူဘာရာဇာကြီးပြောတာကို နံ့သာကခေါင်းကိုညိတ်လိုက်သည်။ သူတို့ဘေးမှာတော့ တိမ်သမီးလေးက နှစ်ခြိုက်စွာအိပ်ပျော်နေလေသည်။

❖ ၓၓ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဟေး ... ဟေး"

"အရမ်းမလုပ်ကြနဲ့ ကျွန်မအမေ အထဲမှာနေတတ်မှာမဟုတ်ဘူး ဟီးဟီး"

ဝါးနက်ကုန်းသင်္ချိုင်းကုန်းသို့ မသာလာပို့သူတို့က အခေါင်းကို ထမ်းလာရင်း ရှေ့တွန်းနောက်တွန်းလုပ်နေကြသဖြင့် သေဆုံးသူ ဒေါ်မယ်ခ ရဲ့သမီးဖြစ်သူ အေးတင်က ငိုရင်တောင်းပန်နေရှာသည်။

အလောင်းထမ်းလာသူတို့က တဖြည်းဖြည်းသင်္ချိုင်းဝရောက်လာတော့ အုတ်ဂူတွေကြားမှာဆော့နေသည့် တိမ်သမီးက ...

"အမေရေ မသာလာနေပြီ"

"ဟေ ... အေးအေး"

အိမ်ထဲမှာ အဝတ်အစားအပြဲတချို့ကိုချုပ်နေသည့် နှံသာကအိမ်ပေါ် မှဆင်းလာကာ အဝတ်ထောင်ထားသည့်ပေါက်တူးကိုကိုင်၍ အလောင်းသင်္ဂြိုဟ် မည့် မြေကျင်းတူးထားသည့်နေရာသို့ ထွက်လာခဲ့သည်။

"ဟဲ့ ... သုဘရာဇာမ ကျင်းအပေါင်းလားအသစ်လား"

ရွာထဲမှ နေရာတကာဆရာလုပ်ချင်သည့် ကိုတင့်ဆိုသည့်လူကြီးက မေးလိုက်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



နုံ့သာကအမြင်ကတ်ကတ်နှင့် ...

"ဘာလုပ်မလို့လဲ"

" ငါ့အဒေါ်ကိုမြေမြှုပ်တာ ကျင်းဟောင်းဆိုရင်သူနံနေမှာစိုးလို့ဟော့ တို့အမျိုးတွေအားလုံး အသန့်ပဲကြိုက်တယ်"

"လူပဲ သေရင်အားလုံးနံတာပဲ ကျင်းဟောင်းမို့မမြှုပ်ချင်ရင် အိမ်သာ ငြန်သယ်သွား"

ကိုဘင့်ပါးစပ်ပိတ်လို့သွားသည်။

"အလောင်းကိုကြည့်ကြဦးမလား"

အခေါင်းဘေးနားဝိုင်းအုံကာကြည့်နေသူတွေကို နုံ့သာကမေးလိုက် ရာ ...

"ကြည့်မယ် ... ကြည့်မယ်"

နုံ့သာက အခေါင်းအဖုံးကို ပေါက်တူးပြားဖြင့်လှန်၍အခေါင်းကိုဖွင့် လိုက်သည်။

"အမလေး အမေရဲ့အိပ်နေတဲ့အတိုင်းပါပဲလား"

"အဒေါ်ရေ ခွေးမကိုထရိုက်ပါဦးလား"

ဆွေမျိုးတွေရဲ့ငိုသံက အော်ဟစ်ကာဆူညံလို့သွားတော့သည်။ ရွာ လူကြီးတစ်ဦးက ...

"ကဲ ... ကဲ တော်ကြတော့ ကန်တော့ကြ နောက်ဆုံးအကြိမ် ကန်တော့ကြ"

အလောင်းဘေးနားငိုနေသူတချို့က အလောင်းကိုဝိုင်း၍ကန်တော့ လိုက်ကြသည်။

"ပြီးရင် အခေါင်းပိတ်တော့မယ်"

"ပိတ်လိုက် သုဘရာဇာမ"

နုံ့သာကအခေါင်းအဖုံးကို ပေါက်တူးဖင်နှင့်ဆောင့်ကာပိတ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



မသာကျင်းအဝန္တာတ်ခမ်းနှစ်ဖက်ကို နိုင်လွန်ကြိုးနှင့်ခေါင်းဖက်တစ်ကြိုး အောက်ဖက်တစ်ကြိုး ထားရာသို့အခေါင်းကိုမရွှေ့၍ မသာလာပို့သည့်ယောကျ်ားများ၏အကူအညီဖြင့် ကျင်းထဲသို့တဖြည်းဖြည်းချင်းချလိုက်သည်။

အခေါင်းအောက်ရောက်တော့ မသာလာပို့သူတွေက ကျင်းဝကမြေခဲတွေကို ကျင်းထဲသို့ချလိုက်ကြသည်။

နံ့သာက ကျန်နေသည့်မြေခဲတို့ကို ကျင်းထဲသို့ပေါက်တူးဖြင့်ယက်ထည့်ချိန်မှာတော့ မသာလာပို့သူတွေအားလုံး သင်္ချိုင်းထဲမှထွက်သွားကြလေသည်။

ထိုအခါမှ နံ့သာရဲ့သမီးလေး တိမ်သမီးကနံ့သာနားသို့လာကာ ...

"အမေ ... ဟိုအခေါင်းထဲဘာပါလဲ ဟင်"

"လူပါတာပေါ့ သမီးရဲ့"

"လူကို အခေါင်းထဲထည့်ထားတာပေါ့နော်"

"အင်းပေါ့"

နံ့သာက ကျင်းဝပေါ်ပုံနေသည့် မြေခဲတို့ကိုပေါက်တူးဖင်နှင့် ဆောင့်ရင်း တိမ်သမီးမေးတာကိုဖြေလိုက်သည်။

"လူကိုဘာလို့ မြေမြှုပ်တာလဲအမေ"

စကားတတ်စရွယ် အမေးအမြန်းထူသည့် သမီးလေးကိုကြည့်ကာ နံ့သာကပြုံး၍ ...

"လူကသေသွားရင် မြေမြှုပ်ရတယ်သမီးရဲ့"

"ဟင် ... မြေမြှုပ်ရတယ် မီးကိုကျတော့ဘာလို့မြေမမြှုပ်တာလဲ"

"ဟင်"

နံ့သာအံ့ဩကာ တိမ်သမီးကိုကြည့်လိုက်သည်။ တိမ်သမီးကနံ့သာဖြေမည့် စကားကိုစောင့်လို့နေ၏။

နံ့သာက သူ့သမီးလေး တခြားအတွေးတွေဝင်မှာစိုးတာကြောင့် ...

"သမီးက လူအရှင်လေ ဘာလို့မြေမြှုပ်ရမှာလဲ"

"မဟုတ်ဘူးအမေ မီးကိုသူမြေမမြှုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



" သမီးတော်စမ်း ပေါက်ကရတွေပြောမနေနဲ့လာ ထမင်းစားကြမယ်"

နို့သာက မသာလာပို့စဉ်က ကျွင်းဘေးချထားခဲ့သည့်ထမင်းထုပ်ကို ယူ၍ တိမ်သမီးကိုလက်ဆွဲကာ တဲအိမ်လေးဆီသို့ပြန်လာခဲ့သည်။

"အမေ ... သမီး မသာထမင်းထုပ်မစားချင်ဘူးနော်"

"အေးပါ _ အမေသိပါတယ် သမီးအတွက်အမေသပ်သပ်ချက်ထားပါတယ်"

တိမ်သမီးက မသာထမင်းဟင်းတို့ကို ဘယ်တော့မှမစား ဆန်ဆိုလျှင်လည်းကောင်းမှစားသလို ဟင်းကိုလည်းတွေ့ရာမစားတတ် ဟင်းမကောင်းလျှင် ထမင်းမစားတော့။

ဒီတော့လည်း ... နို့သားတို့သားအဖ အရင်လိုနေလို့မရတော့ဘဲ သူဘရာဇာကြီးကအမြဲလိုလိုတောဝင်ရသည်။

သချိုင်းဘေးမြေကွက်လပ်တွင်လည်း အသီးအနှံတို့ကိုအရင်ထက်ပို၍ စိုက်ပျိုးရသလို ကြက်များကိုပင်မွေးထားရသည်။

တစ်ခါတရံ သူဘရာဇာကြီးနှင့်ခင်သည့် ကိုသာကျော်ဆိုသည့် အင်းလုပ်သားတစ်ယောက်က ဟင်းစားလာပို့တဲ့ရက်ဆို တိမ်သမီးကထမင်းကိုတဝကြီးစားလို့နေ၏။

သူဌေးကတော်ဘဝ ကောင်းကောင်းစား ကောင်းကောင်းနေခဲ့ရာ လူဝင်စားဘဝရောက်တော့ ဘဝဟောင်းကအကျင့်လဏ္ဍာပါလာတာဆိုတော့ သူဘရာဇာ သားအဖလည်း သူတို့အငတ်ခံကာတိမ်သမီးလေးကို ပြုစုလို့နေလေတော့သည်။

❖ ၃၃ ❖



www.burmeseclassic.com

www.burmeseclassic.com

## အလောင်းမပုပ်သိုးအောင်စီရင်လို့ရတယ် . . .

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

## အလှောင်းဈေးက ထမင်းပွဲ

“သူဌေး … သန်ချိုင်းက သုဘရာဇာကြီးရဲ့သမီး မွေးစားထားတဲ့ ကလေးမကလူဝင်စားတဲ့”

ဖိုးတင်က မအေးမေအလောင်းထည့်ထားသည့်အိမ်ထဲတွင် သန့်ရှင်းရေး လုပ်နေရာမှ ကုလားထိုင်ပေါ်တွင်ထိုင်နေသည့် သူဌေးအားလှမ်း၍ပြောလိုက်သည်။

“မင်းကို ဘယ်သူပြောလဲ”

“ကိုသာကျော်ပြောတာ သူကသုဘရာဇာကြီးနဲ့ခင်တော့ သန်ချိုင်းသွားလည်ရင်းသိခဲ့တာ”

“သာကျော်ဆိုတာ မိုးခက်အင်းမှာနေတဲ့ကောင်မလား”

“ဟုတ်တယ်သူဌေး”

မိုးခက်အင်းဆိုတာ ရွာနှင့်နှစ်မိုင်ကျော်ကျော်ဝေးသည့် နေရာတွင်ရှိကာ ငါးမွေးမြူရေးလုပ်သည့်ဂနရာဖြစ်သည်။

ထိုအင်းထဲကလူတွေက စရိုက်ကြမ်းလှသလို လက်ရဲဖက်ရဲကြ



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်အလကားလျှောက်ပြောနေတာပါကွာ ငါ့မိန်းမကဘယ်လိုလုပ် သချိုင်းက,ကလေးမှာဝင်စားမှာလဲ မဖြစ်နိုင်တာ"

"ဟုတ်တော့ဟုတ်တယ် သူဌေးကတော်အမူအကျင့် သချိုင်းမှာနေ တော့ မနေနိုင်ပါဘူး"

ဖိုးတင်က သူဌေးသဘောကျစေရန် အလိုက်အထိုက်ပြောလိုက် သည်။

"မင်းမှတ်ထား ငါ့မိန်းမက သိုက်ကလာတာ အခုသူ့ဝိညာဉ်က သိုက် ကို ခဏပြန်သွားလို့ ခန္ဓာနဲ့ခွာနေတာကွ မကြာခင်ပြန်လာတော့မှာ ဟိုလူပြောဒီလူ ပြောတွေမယုံစမ်းပါနဲ့ကွာ"

"ဟုတ်ကဲ့ သူဌေး"

ဖိုးတင် သူဌေးစကားကိုထောက်ခံကာ အလောင်းထားသည့် အိမ်နံရံ ကိုရေစိုအဝတ်တို့ဖြင့် သုတ်၍နေသည်။ အလောင်းမှာနှစ်ကာလအတော်ကြာပြီ ဖြစ်သော်လည်း ရုပ်ကပျက်နေသည်ဟူ၍မရှိ။ အသားအရည်အနည်းငယ်သာ ခြောက်သွေ့လို့သွားသည်။

ဆရာထိပ်ခေါင်ဘာမှာထားသည်မသိ သူဌေးက တစ်ခါတရံ လူသိ မခံဘဲ တစ်ယောက်တည်းအလောင်းကိုပြုပြင်သင့်တာများကို ပြုပြင်လေ့ရှိ သည်။

ပေါက်တောတစ်ရွာလုံးက ကြာတော့ သူဌေးခြံထဲမှာအလောင်းရှိတာ ကိုပင် သတိမထားမိကြတော့ သွားမြဲလာမြဲတိုင်းသာရှိနေကြသည်။

"ဖိုးတင်ပြီးရင် တောင်ပိုင်းက သန်းဌေးဆီသွားဦး ငါခေါ်နေတယ် လို့ပြော"

"ဟုတ်ကဲ့ သူဌေး"

ဖိုးတင်ကိုယ်တိုင်ကလည်း မအေးမေအလောင်းကို ကြောက်စရာဟု မမြင်ဘဲ လုပ်ရိုးလုပ်စဉ်အလုပ်များကိုသာ လုပ်နေသည်ဟုသာ စိတ်ထဲဖြင့်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ငွေအရေးပေါ်ကိစ္စနှင့်မြို့သွားလျှင် မအေးမေအလောင်းကို ထမင်းကျွေးရသည့်အလုပ်ကို နေ့ရောညပါသူအမြဲလုပ်လေ့ရှိသည်။

အလောင်းဘေးစားပွဲခုံချ ထမင်းဟင်းပန်းကန်တို့ကိုချကာ တစ်နာရီသာသာထိုင်ကြည့်ရသည့်အလုပ်က သူ့အတွက်အပန်းကြီးလှသည့်အလုပ်မဟုတ်တော့ဟု သိလာတော့သည်။

❖ ⌛⌛ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... သာကျော်လာကွာ ထိုင် ဟင်းစားတွေလည်းပါလာပါလား ကွ"

တဲရှေ့သို့ငါးတွဲကြီးဆွဲကာ ဝင်လာသည့်သာကျော်ကို သုဘရာဇာကြီးက သူထိုင်နေသည့်တဲရှေ့ကွပ်ပျစ်တွင် နေရာပေးလိုက်သည်။

"အင်းထဲမှာ ငါးရှိုင်းထောင်လို့ မိဘမဲ့ငါးတွေယူလာတာဦးလေးရဲ့"

"ကောင်းတာပေါ့ကွာ ငါ့မြေးက အစားအသောက် သိပ်ချေးများတာကွ ... မင်းအခုလိုဟင်းစားတွေလာပို့တော့ တို့အတွက်ရော မြေးမလေးအတွက်ပါ အဆင်ပြေပါတယ်လေ"

သာကျော်က တဲထဲသို့ မျက်လုံးကိုဝေ့ကြည့်ကာ ...

"ဟိုသားအမိနှစ်ယောက်မတွေ့ပါလား ဘယ်သွားနေကြလဲ"

"စိုက်ခင်းတွေရေသွားလောင်းနေကြတယ်"

"တိမ်သမီးလည်းပါသွားတာပေါ့"

"သူ့အမေသွားရာ တကောက်ကောက်ပဲလေ မအေကလည်း သူ့သမီးပါရင် ဘာအလုပ်မှမလုပ်တတ်ဘူးထင်ပါရဲ့ကွာ"

သုဘရာဇာကြီးကပြောတော့ သာကျော်ကအသာငြိမ်၍စဉ်းစားလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကိုမေးမလို့နော် စိတ်မဆိုးပါနဲ့"

"ဘာလဲကွ ... သာကျော်ရဲ့ မင်းစကားကအဆန်းပါလား"

"ဒီလိုပါ ဦးလေး ... တိမ်သမီးရဲ့မိဘရင်းတွေက ဘယ်သူတွေလဲ ဟင်"

"ဟင်"

သာကျော်ရဲ့မထင်မှတ်သည့်မေးခွန်းကြောင့် သုဘရာဇာကြီးမျက်လုံး ပြူးကာ သာကျော်ကိုစိုက်ကြည့်လိုက်သည်။

"ဟိုလေ ... ဦးလေးမဖြေချင်လည်းမဖြေနဲ့ရပါတယ် ကျွန်တော် မေးတာ မှားသွားရင်လည်း တောင်းပန်ပါတယ်"

"အင်း ... ကိစ္စမရှိပါဘူး ငါ့မြေးမလေးရဲ့မိဘတွေကိုတော့ ငါ မပြောပါရစေနဲ့ သူတို့ကိုယ်တိုင်ကလည်း သိချင်တော့မှာမဟုတ်ဘူး ...

ဘာလို့လဲဆိုတော့ သူ့အမေကသေသွားပြီ သူ့အဖေကလည်း တခြား ရွာမှာနောက်အိမ်ထောင်ပြုထားတယ် သာကျော်"

"ဒီရွာကပဲလား"

သာကျော်ကို သုဘရာဇာကြီးက မျက်လုံးပြူးကာစိုက်၍ကြည့်လိုက် ၏။

"မင်း ဒီလောက်သိရင်တော်ရောပေါ့"

"ဟုတ်ကဲ့ ဦးလေး ဟုတ်ကဲ့"

သာကျော်လည်း ဆက်မမေးရဲတော့ဘဲ ငြိမ်၍နေလိုက်သည်။

"ငါ့သမီး နဲ့သာကမြေးမလေးကိုတအားချစ်ရှာတာ ဒါကလည်း သုဘဝနဲ့ ကိုယ်ချင်းစာတာလည်းပါတာပေါ့ သာကျော်ရယ်"

"ဟိုလေ ... ဟို ကလေးလူဝင်စားဆို"

"အားလုံးဟာ သံသရာခရီးသည်တွေပဲမလား ဘဝဟောင်းကိုသိပြီး ရင် ဘဝသစ်ဖြစ်မယ် ဘာမှမဆန်းပါဘူး ရေနွေးသောက်ကွာ"

သုဘရာဇာကြီးက သူ့ရှေ့အကြမ်းအိုးထဲမှ ရေနွေးကိုငှဲကာ သာကျော်



www.burmeseclassic.com

www.burmeseclassic.com



ကို သောက်ရန်ပြောလိုက်သည်။ သာကျော်ကယူ၍ မှုတ်သောက်ပြီး –

"ကျွန်တော်မွေးကတည်းက အင်းထဲမှာပဲကြီးခဲ့တာ ပေါက်တောရွာအကြောင်းတော့သိပ်မသိပါဘူး၊ ဒါပေမယ့် သူ့ဌေးကိုစောအောင်က သူ့မိန်းမ ထိပ်ပြာဟာ တစ်နေ့ခန္ဓာကိုဝင်ပူးကပ်မယ်ပဲပြောနေတယ် အဲဒါဟုတ်လား သုဘရာဇာကြီး"

"ဟား ... ဟား ... ဟား"

သုဘရာဇာကြီးက အားရပါးရ ရယ်မောလိုက်နေရာ သာကျော်က သူ့အပြောမှားသွားသည်ထင်ကာလန့်လို့ပင်သွား၏။

"ဘာ ... ဘာဖြစ်လို့လဲ"

"ဘာရယ်မဟုတ်ပါဘူးကွာ ... ရယ်ချင်လို့ပေါ့ မင်းစဉ်းစားကြည့် သေတဲ့လူက သူ့ခန္ဓာဟောင်းကြီးထဲကို ဘယ်လိုလုပ်ပြန်ဝင်မလဲ"

"သူ့ဌေးမှာ ဟိုပယောဂဆရာထိပ်ခေါင်ရှိတယ်လေ သူကအရမ်းစွမ်းတယ်လို့ပြောကြတာပဲ"

"အဲဒါခက်တာပေါ့ ဆရာလုပ်တဲ့သူကလည်းငွေရပြီးရော ... ပြောချင်ရာပြော တရားမရှိဘူး အရူးကလည်း အဟုတ်မှတ်လို့ရူးနေတာပဲ"

သာကျော်က သုဘရာဇာကြီးစကားကို ခေါင်းညိတ်လိုက်ပေမယ့် သူသိချင်သည့်အကြောင်းကိုဆက်၍ ...

"သူ့ဌေးကတော်အလောင်းထူးဆန်းတယ်နော် မပုပ်မသိုးဘူး"

"ဘာမှမထူးဆန်းပါဘူး ဒါကဆေးနည်းတစ်မျိုးကိုသုံးထားတာ အီဂျစ်ပ နယ်စွန်ရွာတချို့မှာ အဲဒီဆေးနည်းတွေအများသုံးကြတယ်၊ သူတို့ရိုးရာနည်း ဆိုပါတော့ကွာ"

"တယ်ဟုတ်ပါလား ဦးလေးရဲ့"

"အင်း ... သူ့အရပ်သူ့ဓလေ့ပေါ့ကွာ ချီးကျူးရမှာက အဲဒီနည်းကို အဲဒီရွာကလူတွေက ဘယ်သူ့ကိုမှမပေးတာပဲ ဟိုဆရာထိပ်ခေါင်ဘယ်လိုရလာ လည်းတော့မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သုဘရာဇာကြီးကပြောပြီး ကွမ်းအစ်ကြီးကိုဖွင့်ကာ ကွမ်းတစ်ယာကို ယာ၍ ပါးစပ်ထဲသို့ထိုးထည့်လိုက်သည်။

"ဖိုးဖိုးရေ ... ဖိုးဖိုး"

တိမ်သမီးလေးရဲ့အသံကိုကြားတော့ သုဘရာဇာကြီးက –

"ဟော ငါ့မြေးတောင်ပြန်လာနေပြီ"

သာကျော်လည်း နောက်သို့လှည့်ကြည့်လိုက်ရာ နံ့သာနှင့်အတူ တိမ်သမီးလေးက သူတို့ထိုင်နေရာတဲဆီသို့ လျှောက်လာခဲ့ကြလေသည်။

❖ ၁၁ ❖



www.burmeseclassic.com

www.burmeseclassic.com

ချွေးတုသံတွေ တစ်ပြိုင်နက်ထွက်လာပြီး
မှောင်မိုက်တဲ့နေရာမှရောက်လာသည် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### အဲဒေလာင်းနှစ်ပတ်လည်

"အူ ... အူ ... အူ"

ရွာထဲမှာခွေးအူသံတွေက အလွန်ကျယ်လောင်စွာထွက်ပေါ်လာသည်။ ညကလည်း လမိုက်ညဖြစ်တာကြောင့် မဲမှောင်လို့နေသည်။ အချိန်ကလည်း ညဉ့်နက်နေတာမို့ အလွန်တိတ်ဆိတ်နေရာ ရုတ်တရက်ခွေးအူသံတွေဆိုးရွားစွာ ထွက်ပေါ်လာသဖြင့် ရွာသားတချို့ပင်လန့်လို့သွားကြသည်။

"အူ ... အူ ... အူ"

ခွေးအူသံတွေက ရွာနောက်ဘက် သင်္ချိုင်းသွားရာလမ်းမှတစ်ဆင့် ဦးစောအောင်အိမ်ဆီသို့ဦးတည်၍သွားသည်။

သူဌေးကတော်အလောင်းထည့်ထားသည့်အိမ်ထဲမှာတော့ အောက်လင်းမီးအလင်းရောင်ကြောင့် လင်းထိန်လို့နေသည်။ သူဌေးက သူ့မိန်းမဆုံးတာ ငါးနှစ်ပြည့်အထိမ်းအမှတ်နှင့် အလောင်းထားသည့်ဘေးတွင် ဟင်းပေါင်းစုံနှင့် တခွေအစာကျွေးပွဲကိုလုပ်လို့ထားသည်။

သူဌေးနှင့်သူ့တပည့်လေးငါးယောက်ကတော့ အိမ်အဝကနေစောင့်ကြည့်လို့ နေသည်။


www.burmeseclassic.com

www.burmeseclassic.com



"အု ... အူ ... "

ထိုစဉ် ...

ရုတ်တရက်ခွေးအူသံကိုကြားလိုက်ရ၍ သူတို့တပည့်များက အထိတ်တလန့်ဖြစ်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့နေကြသည်။

သူဌေးကတော့ ပုံစံမပျက် အလောင်းကိုသာတွေတွေကြီးကြည့်နေလေ၏။

"အု ... အူ ... "

ခွေးများက သူဌေးခြံဝသို့ရောက်လာကြပြီး ပြိုင်တူအလောင်းထားသည့်အိမ်ကိုကြည့်ကာ စူးဝါးစွာအော်လိုက်ကြ၏။

"မောင်ငယ် ... ငါ ငါကြောက်လာပြီ"

"အေး ... ငါလည်းကြောက်တယ်"

မောင်ငယ်နှင့်သန်းဌေးတစ်ယောက်နှင့်တစ်ယောက် ပူးကပ်ကာပြောကြတော့ ကုလားနှင့်ဖိုးငွေတို့ကလည်း အသံတုန်တုန်ဖြင့် ...

"ဘယ်လိုလုပ်ကြမလဲ"

ဖိုးတင်က သူတို့မျက်နှာကိုကြည့်၍ ...

"ဟေ့ကောင်တွေဘာဖြစ်နေတာလဲ"

သူဌေးအားရအောင်လှမ်းအော်လိုက်ရာ မောင်ငယ်တို့က–

"ဟို ... ဟို ... ခွေးအူသံတွေ ... "

"ဟာကွာ ... ခွေးအူတာ ဘာဆန်းသို့လဲ အရေးလုပ်လို့"

ဖိုးတင်ကပြောသာလှမ်းပြောတာ သူကိုယ်တိုင်ကလည်း သူဌေးဘေးနားကပ်ကာနေသည်။

အလောင်းထားသည့်အိမ်ထဲမှာလည်း အမွှေးတိုင်များ ထွန်းထားသဖြင့် အမွှေးနံ့တို့က မွှေးပျံ့လို့နေသလို မီးခိုးငွေ့တွေကလည်း ရစ်သန်းလို့နေလေ၏။

အစားအသောက်များတင်ထားသည့် စားပွဲကြီးပေါ်တွင် ကြက်ကောင်လုံးကြော်၊ အမဲကြော်၊ ဝက်ကြော်၊ ငှက်ကြော်တို့ဖြင့်အမျိုးစုံလင်လှစွာတင်ထား



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ မောင်ငယ်က ကုလားအားအသံတိုးတိုးဖြင့် ...

"တို့ ဘယ်အချိန်ထိနေရမှာလည်းမသိဘူး"

"သန်းခေါင်ထိနေရမယ်ထင်တာပဲ ငါတော့ကြောက်လာပြီ"

"အေးကွ ... ငါလည်း အရင်က ဒီလောက်မကြောက်တတ်ပါဘူး။ အခုညမှဘယ်လိုဖြစ်တာလည်းမသိဘူး ကြက်သိမ်းတွေ တဖြန်းဖြန်းထနေတယ်"

သန်းဋ္ဌေးက သူ့လက်ကိုသူကြည့်ကာပြောလိုက်၏။

"အု အူ ... အူ"

ခွေးအူသံတို့ ရုတ်တရက်ရပ်သွားပြီးမှ တစ်ကောင်တည်းသောခွေးက အူလိုက်ရာ အသံကကျယ်လောင်စွာထွက်ပေါ်လို့လာသည်။

"ဟင် ... "

"ဟာ ... "

သူတို့တွေ့လိုက်ရသည့် ပုံရိပ်ကြောင့် ထိတ်လန့်ကာကြက်သေသေလို့သွားသည်။

သူဋ္ဌေးကိုယ်တိုင်ကပင် ထိုင်နေရာမှထ၍ ...

"ဘယ် ... ဘယ်သူလဲ"

အိမ်ပေါက်ဝသို့လှမ်းကြည့်ကာ မေးလိုက်သည်။

"ဟော့ ... ဟော့ကောင်တွေ ဘယ်ကကလေးလဲ မောင်းထုတ်စမ်း"

သူဋ္ဌေးကလှမ်းအော်လိုက်သော်လည်း သူကိုယ်တိုင်ကကြောက်လွန်း၍နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

ဆံပင်များဖွာလန်ကြဲကာ ဂါဝန်အဖြူနွမ်းနွမ်းလေးကိုဝတ်ဆင်ထားပြီး မျက်မှောက်ကျုံ့လျှက် အလောင်းကိုစိုက်ကြည့်နေသည့် ကလေးငယ်တစ်ဦးကို တွေ့လိုက်ရခြင်းဖြစ်သည်။ အခုလို ညအချိန်မတော် ခွေးတွေဒီလောက်အူနေသည့် အချိန်မှာ ရွာထဲကဘယ်ကလေးမှ ဒီနေရာသို့လာရဲတာမဟုတ် ဖိုးတင့်သည်လည်း သူဋ္ဌေးနောက်ကရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သွားစမ်း ဘာလာလုပ်တာလဲ"

အသံတုန်တုန်ဖြင့်မောင်းထုတ်လိုက်သည်။ အပေါက်ဝတွင်ရပ်နေသည့် ကလေးက ...

"နင်တို့ပဲ ငါ့ကိုအစာကျွေးမလို့ဆို နင်တို့ခေါ်လို့ငါလာတာ"

ပြော၍ အထဲသို့ခြေတစ်လှမ်းချင်းလှမ်းဝင်လာရာ သူဌေးအပါအဝင် အားလုံးက မျက်လုံးကိုကြောင်၍ကြည့်နေကြသည်။

ကလေးငယ်က အစားအသောက်များတင်ထားသည့် စားပွဲဘေး၌ထိုင်၍ အစားအသောက်များကိုအားရပါးရစားသောက်နေတော့သည်။

❖ ⌛⌛ ❖



www.burmeseclassic.com

www.burmeseclassic.com

"အဖေ ... ထပါဦး အဖေရဲ့ တိမ်သမီးမရှိတော့ဘူး"

"ဟေ"

နံ့သာရဲ့ ငိုသံကြီးနှင့်နှိုးသည့်အသံကြောင့် သုဘရာဇာကြီးလည်း အိပ်နေရာမှလူးလဲထကာ ထိုင်လိုက်ပြီး ...

"အဖေ ... ဘယ်လိုလုပ်ကြမလဲ"

"သမီးနဲ့အတူတူအိပ်နေတာမဟုတ်လား"

"ဟုတ်တယ် ... သမီး တရေးနိုးလို့ထကြည့်တော့ မရှိတော့ဘူး။ တဲအောက်ဆင်းသွားလားဆိုပြီး လိုက်ရှာသေးတယ်မတွေ့ဘူး"

"သင်္ချိုင်းထဲမှာရှာသေးလား"

"မရှာရသေးဘူး အဖေ"

"ကဲ လာ သင်္ချိုင်းထဲသွားရှာမယ် မီးတုတ်ထွန်းလာခဲ့"

နံ့သာက တဲနံရံတွင်ထိုးထားသည့် ဝါးလုံးထိပ်တွင်ရေနံဆီဝအောင် စွတ်ထားသည့်အဝတ်စကို မီးညှိကာတဲအောက်သို့ သုဘရာဇာကြီးနှင့်အတူ ဆင်းလာသည်။

သင်္ချိုင်းထဲ အုတ်ဂူများခြားလိုက်ရှာကြည့်သော်လည်းမတွေ့ ...

"သမီးရေ ... တိမ်သမီး ... သမီးရေ"



www.burmeseclassic.com

www.burmeseclassic.com



အော်၍ခေါ်လေရာ ပြန်ထူးသံမကြားရ၍ ရင်ထဲပို၍ စိတ်ပူမိလာသည်။

သုဘရာဇာကြီးက ...

"ခက်တာပဲ ဒီကလေးမ ညကြီးအချိန်မတော် ဘယ်လျှောက်သွားနေပါလိမ့်"

"အဖေ ... ဘယ်လိုလုပ်မလဲ"

"အင်း ... မတွေ့တဲ့အဆုံးရွာထဲဘက်သွားကြည့်ရမှာပေါ့"

သုဘရာဇာကြီးကပြော၍ ပုဆိုးကိုတိုတိုပြင်ဝတ်လိုက်သည်။ နှံ့သာက ...

"သမီးစဉ်းစားလို့တောင်မရဘူး"

"အဘ ... မြေးလေးရွာထဲဘက်သွားတာမှန်ရင် သူသွားမယ့်နေရာကိုအဖေသိတယ်"

"ရှင် ... ဘယ်နေရာလဲ"

နှံ့သာက အံ့သြစွာမေးလိုက်ရာ သုဘရာဇာကြီးက ...

"ဘယ်နေရာရှိပါ့မလဲ သူ့အလောင်းရှိတဲ့နေရာပဲဖြစ်မှာပေါ့ သမီးရယ် လာလိုက်သွားကြစို့"

"အဖေ ဘယ်လိုသိလဲ"

"ဒီနေ့ ... သူ့ဒွေးကတော်သေတာ ငါးနှစ်ပြည့်ပြီလေ အဲလိုနှစ်ပတ်လည်နေ့ဆို ဘဝမှာတစ်ခုခုထူးခြားတာဖြစ်တတ်တယ်သမီးရဲ့"

"ဟုတ်ကဲ့ အဖေ"

သုဘရာဇာကြီးက ဇရပ်ပေါ်တက်ကာ သူ့ရဲ့လက်စွဲတော်ဝါးရင်းတုတ်ကြီးကိုယူ၍ နှံ့သာနှင့်အတူ ရွာဘက်သို့ခြေလှမ်းကျဲကြီးများဖြင့် ထွက်လာကြသည်။ စိတ်ကစောနေ၍လားမသိ သိပ်မကြာခင်မှာပဲ ရွာထဲသို့ရောက်လာကြသည်။

"အု ... အူး ... အူး"

---



www.burmeseclassic.com

www.burmeseclassic.com



ခွေးအူသံသဲ့သဲ့ကိုကြားလိုက်ရာ သုဘရာဇာကြီးက ...

“ခွေးအူနေတာ သူဌေးအိမ်ရှေ့ကပဲဖြစ်မယ်သမီး ... အဲဒီကို သွားကြည့်ကြမယ်”

“သမီးလေး တစ်ခုခုဖြစ်နေမလား အဖေ”

“သိပ်လည်းစိတ်မပူပါနဲ့ သမီးရယ် အဖေ့ရဲ့မြေးမမှန်းသူဌေးသိရင် ဘာမှလုပ်ရဲမှာမဟုတ်ဘူး”

နှံ့သာလည်း ရင်ထဲကစိုးရိမ်စိတ်ကြီးစွာနှင့်အတူ ဖခင်ကြီးနှင့်သူဌေး အိမ်သို့လျှောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)
## အစာခေါ်ကျွေးလို့

စားပွဲဝိုင်းမှာအစားအသောက်များကို လူတစ်ယောက်စားနေသည့်ပုံစံမျိုးမဟုတ်ပဲ အားရပါးရစားနေသည့်ကလေးကိုကြည့်ကာ အံ့သြမင်သက်နေသည့် သူဌေးအား ဖိုးတင်က ...

"ဘယ်လိုလုပ်ကြမလဲ သူဌေး ... ဒီကလေးကလူမှဟုတ်ရဲ့လား"

"အင်း"

သူဌေးလည်းဘာပြောရမှန်းမသိ ထိုစဥ် မောင်ငယ်ကအနားသို့ကပ်၍ ...

"အဲဒီကလေးကိုကျွန်တော်သိတယ် သူဌေး။ သချိုင်းစောင့်သူဘရာဇာကြီးရဲ့ မြေးမလေး"

"ဟေ ... ဒါဆို တစ္ဆေတစ်ကောင်ကောင်ကပ်လို့ ဒီကိုလာစားတာလား မသိဘူး"

သူဌေးကပြောပြီးအခြေအနေကိုကြည့်နေရာ စားပွဲပေါ်မှဟင်းပွဲ သည်ပြောင် ပြောင်လို့နေသည်။

ဖိုးတင်က သူဌေးအားလေသံတိုးတိုးနှင့်ကပ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးမောင်းထုတ်လိုက်ပါလား အဲဒီကလေးကိုကြည့်ရတာ မရိုးသားဘူး"

"ငါစဉ်းစားနေတာ ..."

သူဌေးရဲ့စိတ်ထဲ မောင်းထုတ်လိုက်လျှင် ဘာတွေဖြစ်လာမလဲဆိုသည့် အတွေးကရောက်လို့နေသည်။ ထိုကလေးရဲ့ ပုံစံကလည်းမှုမမှန်တာကြောင့်–

"ဟဲ့ ... ဘာလုပ်နေတာလဲ သွားစမ်း"

လှမ်း၍ဟောက်လိုက်ရာ အသားတုံးကြီးတစ်တုံးကိုကိုက်နေရင်းမှ ကလေးကသူဌေးကိုစောင်ကြည့်ကာ ...

"ငါ့ကိုပြောတာလား"

ကြောက်စရာအသံကြီးဖြင့် ပြန်ပြောလိုက်ရာ သူဌေးလည်းတစ်ချက် တွန့်လို့သွားပြီး ...

"ဟုတ်တယ် ဒီနေရာက နင်နဲ့ဘာဆိုင်လို့လဲ"

"နင်ဖိတ်လို့ငါလာစားတာ"

ပြန်ပြောလိုက်ပြီး အစားမပျက်ဆက်၍ စားနေရာ ဖိုးတင်က သူဌေး အား ...

"ကျွန်တော်အပြင်ကိုမထုတ်လိုက်ရမလား သူဌေး"

သူဌေးလည်းဆုံးဖြတ်ရခက်နေသည်။ ဒီလိုအချိန်မှာရောက်လာတာ သာမန်လူတစ်ယောက်တော့ မဟုတ်နိုင်တာကြောင့် ဖိုးတင်အား ...

"ခြံပြင်ကိုမထုတ်ကြည့်ကွာ"

"ဟုတ်ကဲ့ သူဌေး"

ဖိုးတင်က သူ့ကိုကျောခိုင်းထိုင်နေသည့်ကလေးငယ်နားသို့ ဖြေးဖြေး ချင်းသွား၍ အနားသို့ရောက်သောအခါ ...

"ဝုန်း"

"အမလေး"

ကလေးငယ်က ရုတ်တရက်မတ်တတ်ထရပ်လိုက်ရာ ဖိုးတင်လန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ဆုတ်လိုက်သည်။

"ဘာလုပ်မလို့ ငါ့နားလာတာလဲ"

ဖိုးတင်ကို ကြောက်စရာကောင်းလှသည့်မျက်လုံးတို့ဖြင့် စိုက်ကြည့်ကာမေးလိုက်သည်။

ဖိုးတင်က စိတ်ကိုပြန်တင်းကာ ...

"နင် ထွက်သွားစမ်း မသွားရင်ငါရိုက်လိုက်မှာနော်"

"မသွားဘူး ... အစေခံကောင်ကများငါ့ကိုလာစော်ကားနေတယ် ငါကုပ်ချိုးသတ်လိုက်မယ်"

"ဟင်"

ဖိုးတ ကြောက်လန့်ကာ ကုပ်သွားပြီး သူဌေးဘေးနားသို့အသာလာရပ်နေသည်။

"ဘယ်လိုလုပ်ကြမလဲ သူဌေး"

"ငါလည်း မပြောတတ်ဘူး သူဘာလုပ်မလဲသာကြည့်နေ"

သူဌေးပြောလိုက်စဉ် ... ကလေးငယ်က စားပွဲဝိုင်းဘက်သို့ကြည့်ကာ အစားအသောက်တို့ကို မြိန်ရှက်စွာစားလိုနေသည်။

❖ ၆၆ ❖



www.burmeseclassic.com

www.burmeseclassic.com

"သူဌေးရေ ... သူဌေး"

ခြံဝမှအော်ခေါ်သံကြောင့် သူဌေးကမောင်ငယ်အား ...

"ဟေ့ကောင် ဘယ်သူတွေလဲသွားကြည့်စမ်း"

"ဟုတ်ကဲ့ သူဌေး"

မောင်ငယ် ခြံတံခါးဆီသို့ပြေးသွားကာ ...

"ဘယ်သူတွေလဲ"

"သချိုင်းကုန်းက သုဘရာဇာ"

"ဗျာ"

"မင်းတို့သူဌေးကိုပြောလိုက်"

"ဟုတ်ကဲ့"

မောင်ငယ်က သူဌေးဆီသို့အကျိုးအကြောင်းလာပြောပြရာ သူဌေး က ...

"ဟော ... အေး ... ငါလိုက်ခဲ့မယ်"

"သူဌေး ကျွန်တော်တို့လည်းလိုက်မယ်"

"လိုက်ကွာ လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက အလောင်းထားသည့် အိမ်ထဲမနေရဲတာကြောင့် သူဌေး နောက်သို့လိုက်လာခဲ့ကြသည်။

"ဘာလုပ်မလို့လဲ သုဘရာဇာကြီး"

"ကျုပ်မြေးမလေး ဒီရောက်နေတယ်ဆိုလို့လာတာ"

"ဟင်"

သူဌေး ဘာဆက်ပြောရမှန်းမသိဖြစ်သွားသည်။ ထိုကလေးကို ခေါ် ထားတာလည်းမဟုတ် သူ့ဘာသာသူရောက်လာခြင်းဖြစ်သည်။

"ဟုတ်ပါတယ် သူဌေးရယ်ကျွန်မသမီးလေးရှိရင် ကျွန်မတို့ကိုပြန် ပေးလိုက်ပါ"

"ကျုပ်သူ့ကိုခေါ်ထားတာမဟုတ်ဘူး သူ့ဘာသာလာပြီး ကျုပ်မိန်းမကို ကျွေးထားတဲ့ အစားအစာတွေကိုလာစားနေတာ"

"ဟင် ... ဟိုထဲမှာပေါ့"

"ဟုတ်တယ် ပြန်ခေါ်သွားကြ"

သုဘရာဇာကြီးနှင့် နှံ့သာတို့လည်း သူဌေးတို့အုပ်စုကိုကျော်ကာ အောက်လင်းဓာတ်မီးအရောင်ဖြင့် လင်းထိန်နေသော အိမ်ထဲသို့ အပြေး တစ်ပိုင်းဖြင့်ရောက်လာသည်။

စားပွဲခုံကြီးဘေး၌ထိုင်၍ အစားအသောက်တို့ကိုအားရပါးရ စားနေ သည့် တိမ်သမီးကိုတွေ့သောအခါ နှံ့သာက ...

"သမီး ဘာလုပ်နေတာလဲ ထ"

တိမ်သမီးက ခေါင်းစောင်းကာလှည့်ကြည့်၍ ...

"ဘာသမီးလဲ ... ငါအေးမေ"

"ဟင်"

နှံ့သာဘာလုပ်ရမှန်းမသိ သုဘရာဇာကြီးက သဘောပေါက်စွာဖြင့်

"ဟဲ့ ... အေးမေ ငါသချိုင်းစောင့်သုဘရာဇာပဲ နင့်ကိုခေါ်ထားတာ ဘယ်လိုလုပ်ဒီရောက်နေတာလဲ ... လာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ခပ်မာမာပြောလိုက်ရာ တိမ်သမီးက ထိုင်ရာမှ ဆတ်ခနဲထကာ သူဘရာဇာကြီးကို ကြောက်မက်ဖွယ်အကြည့်ဖြင့်ကြည့်ပြီး ...

"ငါ့လင်က ငါ့ကိုအစာခေါ်ကျွေးလို့လာတာ"

"ပြီးပြီမလား လာလိုက်ခဲ့ နှံ့သာဟိုရေအိုးထဲကရေ သွားခပ်စမ်း"

"ဟုတ်ကဲ့ အဖေ"

နှံ့သာက အလောင်းခေါင်းရင်းအနီးရှိ ရေအိုးထဲမှသောက်ရေတစ်ခွက် ကိုယူကာ ဖခင်သူဘရာဇာကြီးအားပေးလိုက်သည်။ သူဘရာဇာကြီးကသောက် ရေခွက်ကို ပါးစပ်နားတေ့ကာ ဂါထာတစ်ပုဒ်ရွတ်လိုက်ပြီး ...

"ငါနောက်လိုက်ခဲ့လို့ပြောနေတယ်နော် မရရင်ပေဟာဒီရေနဲ့ပက် လိုက်မယ်"

"ဟင်"

တိမ်သမီးခန္ဓာကိုယ် တစ်ချက်တွန့်လို့သွားသည်။ နှံ့သာက ဖခင် သူဘရာဇာကို နားမလည်သလိုနှင့်ကြည့်၍နေသည်။

"လာ ... လိုက်ခဲ့ သမီး သူ့ကိုခေါ်လာခဲ့"

"ဟုတ်ကဲ့"

နှံ့သာက တိမ်သမီးနားသွား၍ကောက်ချီလိုက်ရာ အသာတကြည်ပင် လိုက်လာသည်။ သူဘရာဇာကြီးနားရောက်တော့ ...

"သမီး နှံ့သာ သူ့ကိုဒီရေတိုက်လိုက်"

"ဟင့်အင်း ... မသောက်ဘူး"

"သောက်ကိုသောက်ရမယ်"

သူဘရာဇာကြီးက တိမ်သမီးပါးစပ်ကိုဖြဲကာ ရေကိုလောင်းချလိုက် သည်။ တိမ်သမီးပါးစပ်ထဲ ရေများဝင်သွားသလို ပိုသည့်ရေတို့ကလည်း နှုတ်ခမ်း မှစီးကျလို့လာသည်။

ခဏကြာတော့ တိမ်သမီးလည်းနှံ့သာပခုံးပေါ်မှာ ငြိမ်၍သွားတော့ သည်။ သူတို့အပြင်ထွက်လာတော့ ရပ်ကြည့်နေသည့် သူတွေက ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမြေးလား ကျုပ်ကိုတော်တော်ဒုက္ခပေးတာပဲ ကျုပ်အလုပ်ကို လာနှောက်ယှက်တယ်"

"ကျုပ်မြေးက နှောင့်ယှက်တာမဟုတ်ဘူး ခင်ဗျားကပရလော်က သားတွေကို ဘာထင်လဲ လုပ်ချင်ရာလျှောက်လုပ်နေတာ သချိုင်းမှာသင်္ဂြိုဟ်ရ မယ့် အလောင်းကို မသင်္ဂြိုဟ်ပဲထားချင်ရာထားတာ မကြာခင် ခင်ဗျားလည်း ဒုက္ခရောက်မယ်"

သူဘာရာဇာကြီးက ကြိမ်မောင်းကာ နံ့သာတို့နှင့်အတူ သူဌေးခြံထဲမှ ထွက်လာခဲ့ကြသည်။

"တောက်"

သူဌေးက အံကိုကြိတ်ကာ တောက်ကိုပြင်းထန်စွာခေါက်လိုက်သည်။ သူလို သူဌေးတစ်ယောက်ကိုပြောဆို ကြိမ်းမောင်းသွားသည့် သူဘာရာဇာကိုလည်း လွန်စွာဒေါသထွက်နေမိသည်။

ခါးထောက်ပြီး မကျေမနပ်နှင့် သူဘာရာဇာကြီးထွက်သွားရာကိုကြည့်နေ သည့် သူဌေးအား ဖိုးတင်ကအနားသို့ကပ်လျှက် ...

"ကျွန်တော်တို့ဘာလုပ်ရမလဲ သူဌေး"

"ဘာမှလုပ်မနေနဲ့ စားပွဲမှာကျန်တဲ့အစားအစာတွေကိုသိမ်းလိုက် ပြီးရင်ရွာထိပ်နတ်ကွန်းနားသွားစွန့်"

"အခုလား သူဌေး မနက်မှသွားလို့မရဘူးလား"

"မရဘူး အခုသွား"

"ဟုတ် ... ဟုတ်ကဲ့"

ဖိုးတင်နှင့်သူ့တပည့်တွေ အလောင်းထည့်ထားရာတဲထဲဝင်သွားရာ သူဌေးလည်း မကျေမနပ်ဖြင့်အိမ်ပေါ်သို့တက်လာခဲ့တော့သည်။

❖ ၁၁ ❖



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)
## ရွာထဲမဝင်ပါနဲ့

"ဟုတ်ရဲ့လား သူဌေးရယ် ညကတော့ရွာထဲမှာခွေးအူသံတွေကြား ရတာအဆက်မပြတ်ပဲ"

သူကြီးက မယုံသလိုနှင့်သူဌေးဦးစောအောင်ကိုမေးလိုက်ရာ သူဌေး ဦးစောအောင်မျက်နှာတည်လို့သွားပြီး ...

"ကျုပ်နောက်နေတာမဟုတ်ဘူး သူကြီး၊ သချိုင်းမှာနေတဲ့ ပေါက် လွတ်ပဲစားတွေက ကျုပ်အိမ်လာပြီး လုပ်ချင်ရာလုပ်သွားတယ်၊ သူတို့ရွာထဲ ဝင်တာ ရွာနာတယ် မကောင်းဆိုးဝါးတွေနဲ့ အတူနေသူတွေဟာ မကောင်းဆိုးဝါးပဲ သူကြီး"

ပြောလိုက်ရာ သူကြီးက သူဌေးပြောတာကိုတွေကို တွေတွေကြီး စဉ်းစားလို့နေသည်။

"သူဌေးရဲ့သဘောက ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါ သူကြီး ... သုဘရာဇာဆိုတာ နိမ့်ကျတဲ့မျိုးရိုးလား သချိုင်းဆိုတဲ့ ဖုန်းဆိုးမြေမှာနေတော့ မြေသန့်တဲ့ကျုပ်တို့ရွာထဲကို ဝင်တာထွက်



www.burmeseclassic.com

www.burmeseclassic.com



တာ သူကြီးခွင့်မပြုသင့်ဘူး''

"မဟုတ်သေးဘူးထင်တယ် သူဌေးရဲ့ သူတို့ကသချိုင်းမှာနေပြီး မသာ သင်္ဂြိုဟ်တဲ့အလုပ်လုပ်တာဟာ မကောင်းတဲ့အလုပ်လုပ်တာမှမဟုတ်တာ''

သူကြီးက တွေးတွေးဆဆနှင့်ဖြေပြောပြောလိုက်ပေမယ့် သူဌေးဦးစော အောင်က ခေါင်းကိုသွက်သွက်ခါလိုက်ပြီး ...

"ညကဖြစ်တဲ့ အဖြစ်အပျက်ကသိပ်ကြောက်ဖို့ကောင်းတယ် ကျုပ်က ကျုပ်မိန်းမလိပ်ပြာကိုခေါ်ပြီး အစာကျွေးတာ သချိုင်းကသုဘရာဇာရဲ့မြေးရောက် လာပြီးစားတာ သူကြီးမြင်စေချင်တယ်''

"အေးလေ ... ကျုပ်သူတို့ကို ရွာထဲဝင်တာထွက်တာ လက်ခံသင့် မသင့်ကို ရွာလူကြီးတွေနဲ့တိုင်ပင်ပါဦးမယ်''

သူဌေးက သူ့ဆန္ဒကိုအတင်းတိုက်တွန်းနေပေမယ့် သူကြီးဆိုတော့ အရာရာကိုရမ်းပြီးလုပ်လို့မရဘူးလေ ...

ထိုသို့နှင့် အခုရက်ပိုင်းမှာ တိုက်တိုက်ဆိုင်ဆိုင်လာတော့မသိ သေလိုက်တဲ့လူတွေ ခုနစ်လောင်းဆက်တိုက်ပါပဲ ...

"ရွာမှာလည်း ဘယ်လိုဖြစ်ပြန်ပြီလဲမသိဘူးနော် သေလိုက်တဲ့လူတွေ ဆက်တိုက်ပဲ''

"လကွယ်ညက ခွေးတွေအူကြတာ ဝုန်းဒိုင်းကိုကြဲနေတာပဲ အဲဒီ နောက်ပိုင်းသေကြတာပဲ မိအေးရဲ့''

"ဟုတ်တယ်နော် သူဌေးအိမ်ကဖိုးတင်ပြောတာတော့ သုဘရာဇာကြီး ရဲ့မြေးမလေးက အရှင်လတ်လတ်တစ္ဆေစီးနေတယ်ဆိုလားပဲ သူကရွာထဲက လူတွေရဲ့လိပ်ပြာကိုနှုတ်နေတာတဲ့ မသောင်းရဲ့''

"ဟင် ... ဘယ်လိုလုပ်ကြမလဲ''

ရွာထဲမှာ တစ်ယောက်တစ်ပေါက်နှင့်ပြောလို့နေကြရာ သူဌေးရဲ့အိမ်မှာ သူ့တပည့်များကလည်း လကွယ်ညကကြုံခဲ့သည့်အဖြစ်အပျက်တို့ကို ပုံကားကား ရွာထဲလျှောက်ပြောကြသဖြင့် ပို၍ကြောက်ရွံ့ထိတ်လန့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေက ကလေးများအား ...

"နင်တို့ဟိုသွားဒီသွားမလုပ်ကြနဲ့ ရွာထဲတစ္ဆေတစ်ခါဝင်သွားတာ အလောင်းဆက်နေတယ်နော်"

"မစိုး ကလေးတွေကို လိပ်ပြာကြိုးဆွဲပေးပြီးပြီလား"

"ပြီးပြီ ကိုသာမိုးရေ သရဲတစ္ဆေဆိုတာ ပြောရတာမှမဟုတ်တာ ကပ္ပိယကြီးဆီကတောင်းပြီး ဆွဲထားပေးလိုက်တယ်"

"အေး ... ကောင်းတယ် ပရိတ်ကြိုးဆွဲလိုက်ရင် ဘယ်လိုသရဲတစ္ဆေမှ အနားကပ်လို့မရဘူး"

ရွာထဲရှိကလေးတိုင်းလိုလို လည်ပင်းတွင်ပရိတ်ကြိုးကိုယ်စီဆွဲလို့ထားသည်။ ကြောက်ရွံ့ထိတ်လန့်စရာကောင်းလောက်အောင် ဖြစ်နေတာကြောင့်လည်း ရွာသားအားလုံးရဲ့မျက်နှာ စိုးရိမ်ပူပန်သောကတွေ ပိုလို့နေလေ၏။

ထိုပြဿနာမှ သူကြီးအတွက် အလွန်ခေါင်းခဲစရာ ပြဿနာတစ်ခု ဖြစ်နေတော့သည်။

❖ ၉၉ ❖

www.burmeseclassic.com

www.burmeseclassic.com

"သုဘရာဇာကြီး ... ဗျို့ သုဘရာဇာကြီး"

တဲ၀ကနေလှမ်းခေါ်လိုက်သည့်အသံကြောင့် ကွပ်ပျစ်တွင် ကျောဆန့်နေသည့် သုဘရာဇာကြီးက ...

"ဘယ်သူတွေလဲဟေ့ ... မင်းတို့ရွာထဲမှာ လူသေပြန်ပြီလား"

"ကျုပ်တို့ပါ သုဘရာဇာကြီး"

သုဘရာဇာကြီးက ထကြည့်လိုက်ရာ သူကြီးနှင့်အတူ ရွာသားလေးငါးယောက်ကိုတွေ့လိုက်ရသည်။

"လာကြဗျာ လာကြ ဘာကိစ္စရှိလို့လဲ"

သုဘရာဇာကြီးက ကွပ်ပျစ်ပေါ်နေရာပေးလိုက်သည်။ တချို့ရွာသားတွေကတော့ ကွပ်ပျစ်ဘေး အုန်းတုံးပေါ်မှာထိုင်ကြသည်။

"ဆို ... သူကြီး ဘာကိစ္စလဲ"

"ဒီလိုပါ သုဘရာဇာကြီး အခုရက်ပိုင်းရွာထဲမှာလူတွေသေတာမနည်းတော့ဘူး"

"အင်း ... အဲဒါကျုပ်နဲ့ဘာဆိုင်လဲ"

"ဟိုလေ ... ပြောရမှာတော့အားနာပါတယ် သုဘရာဇာကြီးရယ် ဟိုလကွယ်ညက သူဌေးအိမ်မှာဖြစ်သွားတဲ့ကိစ္စက ရွာမှာလူပြောများတယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်ပဲ ရွာထဲမှာလူသေနေသလိုလို ပြောနေကြတယ်"

"နေ ... နေ ... သူကြီး ကျုပ်သဘောပေါက်ပြီ"

သုဘရာဇာကြီးက သူ့ခြေးကို လက်ကာပြကာပြောလိုက်သည်။

"သုဘရာဇာကြီးတို့လိုအပ်တာကို ... "

"သူကြီးပြောတာကျုပ်သိတယ် သူကြီးက ကျုပ်တို့မိသားစုကို ရွာထဲအဝင်မခံချင်တာမလား ကလေးကညာဘက်ရောက်သွားလို့ လူတွေ ဆက်တိုက်သေနေတယ် ထင်တာမလား"

"ရွာထဲကပြောနေကြလို့ပါ"

"ကောင်းပြီလေ ကျုပ်တို့လည်း သူကြီးတို့ရွာနဲ့မပတ်သက်ဘူး ရွာကလည်း ကျုပ်တို့သင်္ချိုင်းလာမပတ်သက်နဲ့"

သုဘရာဇာကြီး ခပ်မာမာလေသံနှင့်ပြောလိုက်ရာ သူကြီးရဲ့မျက်နှာ ပျက်လို့သွားသည်။

"ရွာက လူတွေသင်္ချိုင်းနဲ့လာမပတ်သက်နဲ့ဆိုတာ ဘယ်လိုအဓိပ္ပါယ် မျိုးလည်း သုဘရာဇာကြီး"

"အဓိပ္ပါယ်ကတော့ အများကြီးပေါ့ဗျာ၊ သူကြီးတို့ရွာကလူတွေ ကျုပ်ကို သုဘရာဇာဘွဲ့ပေးပြီး ကျုပ်အပိုင်စားရထားတဲ့နေရာက ကျုပ်အပိုင်ပဲ အဲဒီတော့ကာ ကျုပ်ကိုရွာနဲ့မပတ်သတ်နဲ့လို့ပြောတော့ ရွာထဲကလည်း ကျုပ် အပိုင်သင်္ချိုင်းမှာ လူသေရင် လာမဂြိုဟ်နဲ့ သင်္ချိုင်းအသစ်ရှာတော့"

"ဟင်"

"ဟာ"

သူကြီးအပါအဝင် ရွာသားတစ်ချို့လည်း အံ့ဩကာ ဘာဆက်ပြော ရမှန်းမသိဘူးဖြစ်သွားသည်။

'ကျုပ်ပြောတာ တရားမျှတပါတယ်နော်"

"သုဘရာဇာကြီးရယ် ကျုပ်ကို စကားကပ်မပြောပါနဲ့ အခုလို လာပြောရတာလည်း ကျုပ်ဆန္ဒမဟုတ်ပါဘူးဗျာ ရွာကလူတွေရဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"တော် သူကြီး ရွာကလူတွေရဲ့ဆန္ဒနည်းနည်း ဟိုသူဌေးဆိုတဲ့လူ ဆန္ဒကများနေတာမလား သူ့မယားအလောင်းမသင်္ဂြိုဟ်ပဲထားလို့ ရွာမှာ အလောင်း ဆက်တာ ရွာကဘာပြောရဲလဲ … ကျုပ်မြေးမလေး ညဘက်အိပ် ရင်း … ယောင်ပြီး သူ့အိမ်ရောက်သွားတာကို ရွာထဲကလူတွေရဲ့ လိုပ်ပြာကို လာနှုတ်တယ်ပြောနေကြတယ်လေ …

ဒီသတင်းဟာ သူဌေးကလွှင့်တဲ့သတင်းပဲ သူကြီးမှတ်ထား လောကမှာ သမာရိုးကျပုံမှန်မဟုတ်တဲ့ အလုပ်တွေကိုလုပ်ရင် ထိခိုက်တတ်တယ်"

သုဘရာဇာကြီးက စကားကိုအရှည်ကြီးပြောကာ ရေနွေးကြမ်းကို ပန်းကန်ထဲထည့်၍ သောက်လိုက်ကြသည်။

သူကြီးကတော့ သူ့ခေါင်းကို တဖျင်းဖျင်းနှင့်မြည်အောင်သာ ကုတ် လို့နေသည်။

"ငွေနဲ့အရာရာကိုချုပ်ကိုင်ဖို့လုပ်နေတဲ့ မယားရူးရူးနေတဲ့ သူဌေး စကားကို သူကြီးနားမယောင်ပါနဲ့ ကျုပ်တို့လည်း အားနေ ရွာထဲလျှောက်သွား နေတာမဟုတ်ဘူး၊ အကြောင်းကြီးငယ်ရှိမှသာ ရွာထဲလာတာ သူကြီးကျုပ်ကို လာကန့်သတ်တာတော့မကောင်းဘူးထင်တယ်"


သုဘရာဇာကြီးပြောတာလည်း သဘာဝကျလှတာကြောင့် သူကြီးလည်း ဘာမှဆက်မပြောဝံ့ပဲ နှုတ်ဆက်ကာသူ့လူများကိုခေါ်ပြီး သချိုင်းမှရွာသို့ပြန်လာ ခဲ့ကြသည်။

❖ ၉၉ ❖



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သုဘရာဇာရေစွဲ ဘယ်သူ့ပေးမှာလဲ

အခုတစ်ခေါက် မြို့တက်ကာ ဆေးမြစ်တွေရောင်းရသည့်ငွေက မြတ်မြတ်လေးရခဲ့တာကြောင့် တိမ်သမီးလေးအတွက် သုဘရာဇာကြီးက အင်္ကျီလှလှလေးတွေဝယ်လို့လာတဲ့အပြင် နှံ့သာမှာလိုက်သည့် အလှပြင်ပစ္စည်းတို့ကိုလည်း ဝယ်လို့လာ၏။

သွားရေးလာရေးအတွက် သူများတွေလိုလှည်းမရှိတာကြောင့်လည်း ခြေထောက်ကိုသာအားကိုး၍ လမ်းလျှောက်ကာသွားရသည်။

သုဘရာဇာကြီးအတွက်ကတော့ အဆန်းမဟုတ် တောထဲနှစ်ပေါင်းများစွာ သွားလာခဲ့တာကြောင့် အခုလောက်လမ်းလျှောက်ရတာ သူ့အတွက် အဆန်းတကြယ်မဟုတ်တော့ ...

အသက်အရွယ်ရလာသော်လည်း ကျန်းမာရေးကောင်းတာကြောင့် သွားရလာရတာ သန်တုန်းမြန်တုန်းပဲဖြစ်လို့နေသည်။

သုဘရာဇာကြီးလည်း သူ့အတွေးနှင့်သူလျှောက်လာရာ သူ့နောက်မှ လှည်းတစ်စီးမောင်းသံကြားတာကြောင့် လမ်းဘေးသို့ကပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သုဘရာဇာကြီးပါလား ... ဘယ်ကပြန်လာတာလဲ"

လှည်းပေါ်က လှမ်းမေးသံကြားလိုက်ရ၍ လှည့်ကြည့်လိုက်ရာ ရွာက သူဌေးဦးစောအောင်နှင့် သူ၏တပည့်တချို့ကို လှည်းပေါ်တွင်တွေ့လိုက်သည်။

လှည်းကိုအရှိန်လျှော့၍ ဖြည်းဖြည်းချင်းမောင်းကာ လမ်းလျှောက်နေသည့် သုဘရာဇာကြီးအား ...

"သုဘရာဇာကြီးလည်း အသက်ကြီးပြီနော် သေရင်သုဘရာဇာဘွဲ့ကိုသမီးပေးမှာလား မြေးကိုပေးမှာလား"

"ဘာပြောတာလဲ သူဌေး"

သူဌေးက လှည်းအောက်ကမေးတဲ့ သုဘရာဇာကြီးကိုအပြုံးမပျက်ဘဲ ...

"ရွာအတွက် ဒုက္ခဖြစ်မှာဆိုးလို့ပါ ကြိုတင်စီစဉ်ထားရင်မကောင်းဘူးလား"

"ဒီမယ် သူဌေး၊ လူပဲ ဘယ်နေ့သေမယ် မပြောနိုင်ပါဘူး သေလည်းဘာဖြစ်လဲ ကျုပ်မှာယူသွားစရာ ဘာမှမရှိတာ သူဌေးသာကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ပါ ရှာထားတဲ့ဥစ္စာပစ္စည်းတွေနည်းတာမဟုတ်ဘူး သေသွားရင်မကျွတ်မလွတ်ဘဲဖြစ်နေမယ်"

"ဟင်"

သုဘရာကြီးစကားကြောင့် သူဌေးရဲ့မျက်နှာပျက်လို့သွားသည်။ ရွာသို့သွားမည့်လမ်း ကြုံနေတာတောင် သုဘရာဇာမို့လှည်းပေါ်ခေါ်မတင် စကားပြောတာတောင် လှည်းပေါ်ကထိုင်လျှက်ပြောနေသည်။

"သုဘရာဇာကြီး တို့ရွာထဲမလာတာကောင်းပါတယ် နောက်မို့ဆိုရွာနာတယ်"

"ဟား ... ဟား ... ဟား"

သုဘရာဇာကြီးက အားရပါးရရယ်မောကာ ...

"ရွာနာတယ်ဟုတ်လား တကယ်ကောင်းတဲ့ဟာသလေးခုပဲ မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါသူဌေးရယ် ... မသာကိုမသင်္ဂြိုဟ်ဘဲ တစ်နေ့သူလိပ်ပြာပြန်ကပ်မှာပဲဆိုတဲ့အတွေးနဲ့ မသာကိုတခမ်းတနားထားတာမှ ရှာနာတာ မသာဆိုတာ မသင်္ဂြိုဟ်ရင် ကိုယ့်ကိုထိခိုက်တတ်တယ် အခန့်မသင့်ရင် မသာက လည်ပင်းတောင်ထညှစ်ဦးမယ်"

"ဟင်"

သုဘရာဇာကြီးစကားကြောင့် သူဌေးအပါအဝင် လှည်းပေါ်က လူတွေအားလုံးတွန့်လို့သွားကြသည်။

သူဌေး သုဘရာဇာကြီးကို ဒေါသထွက်သွားပေမယ့် စကားကိုဆက်မပြောလိုတာကြောင့် ...

"ဟေ့ကောင်တွေ လှည်းကိုလှည်းကိုမြန်မြန်မောင်းစမ်း သုဘရာဇာနဲ့ စကားပြောရတာ ကျက်သရေကိုမရှိဘူး"

သူဌေး၏တပည့်များက လှည်းကိုအရှိန်မြင့်၍ လျင်မြန်စွာမောင်းထွက်သွားကြသည်။

သုဘရာဇာကြီးက လှည့်နောက်ကနေလှမ်း၍ ...

"သူဌေးရေ ... ခင်ဗျားမယားကိုမသင်္ဂြိုဟ်ဘဲထားရင် ဖုတ်ဝင်လိမ့်မယ်၊ အဲဒီကျရင် ကျုပ်ကသင်္ချိုင်းကိုခေါ်သင်္ဂြိုဟ်မှာနော် စိတ်မဆိုးရဘူး"

ပြောလိုက်ရာ သူဌေးရဲ့တောက်ခေါက်သံပြင်းပြင်းကို ကြားလိုက်ရလေသည်။

❖ ၉၉ ❖



www.burmeseclassic.com

www.burmeseclassic.com

"သမီး မြေစာခွဲတွေကိုမဆော့ရဘူးလေ"

စိုက်ခင်းထဲကပေါင်းမြက်တွေကိုနုတ်နေသည့် နှံ့သာက မြေစာခွဲတွေကို ဆော့နေသည့် တိမ်သမီးအားလှမ်း၍ပြောလိုက်သည်။

"အမေ ... မီးတို့က ဘာလို့သချိုင်းကုန်းမှာနေတာလဲဟင်"

မမျှော်လင့်ဘဲ ရုတ်တရက်မေးလိုက်သည့် တိမ်သမီးရဲ့မေးခွန်းကြောင့် နှံ့သာက ...

"ဘာလို့လဲ သမီးရဲ့"

"မီးမှာ မီးနေတဲ့အိမ်ရှိတယ် အဲဒီမှာသွားနေရအောင်လေ"

"မဟုတ်တာ သမီးရယ် အမေတို့ဒီမှာနေတာလည်းကောင်းပါတယ်"

"ဟင့်အင်း ... ဒီမှာနေရတာ မီးလည်းမလင်းဘူး အဖော်တွေလည်းမရှိဘူး စားချင်တာလည်းစားလို့မရဘူး"

"သမီးရယ် ... "

နှံ့သာက တိမ်သမီးလေးအနားသို့သွား၍ ခေါင်းကိုအသာပုတ်ကာ စိတ်မကောင်းဖြစ်နေမိသည်။

"မီးနေခဲ့တဲ့အိမ်က အကြီးကြီး အမေရဲ့"

"သမီးရယ် အဲဒါတွေမေ့လိုက်တော့နော် ... အခုသမီးရောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝအကြောင်းပဲတွေး အမေတို့နဲ့ပျော်အောင်သာနေပါ"

နှံ့သာကပြောတော့လည်း တိမ်သမီးကမျက်နှာလေးငယ်၍နေရှာသည်။ မျက်လုံးက မြေကြီးကိုစိုက်ကြည့်ကာ အမိပွါယ်မဲ့ငိုင်နေသည်။

ထိုစဉ် ...

"တိမ်သမီးရေ ... တိမ်သမီး"

"ဟင် ... ဦးသာကျော်"

သူတို့စိုက်ခင်းရှိရာသို့ သာကျော်နှင့်အတူ ညှော်သည်တစ်ယောက် လိုက်လာကြသည် အနားရောက်တော့ ...

"နှံ့သာတို့ ဒီဘက်ကိုရောက်နေတယ်လို့ ဦးလေးကပြောလိုက်လို့ လိုက်လာတာ ရွာသမီးလေးအတွက် မုန့်တွေ ... "

"အမ်းနာစရာ ကိုသာကျော်ရယ် မုန့်တွေကအများကြီးပဲ"

သာကျော်ပေးတဲ့ မုန့်ထုပ်ကြီးကို တိမ်သမီးကယူကာ ရင်ဘတ်နှင့် ကပ်၍ လက်နှင့်ဖိကပ်ထားသည်။ သာကျော်က သူ့ဘေးကလူငယ်ကိုပြကာ-

"နှံ့သာ သူက ဒီနယ်ကစိုက်ပျိုးရေးအရာရှိလေးဆိုပါတော့ နာမည်က ကိုထူးလွင်တဲ့"

"ဟုတ်ကဲ့"

နှံ့သာက ထူးလွင်ဆိုသည့်ရုပ်ချောချော သန့်သန့်နှင့်လူကို တစ်ချက် ကြည့်၍ ခေါင်းကိုငုံ့ထားလိုက်သည်။

"ကိုထူးလွင် ... နှံ့သာဆိုတာသူပေါ့"

"တွေ့ရတာဝမ်းသာပါတယ် ကိုသာကျော်က နှံ့သာကအရမ်းချော တယ်ဆိုတော့ မဟုတ်နိုင်ဘူးလို့ထင်ခဲ့တာ ကျွန်တော်မှားတာပဲ ...

တကယ်တွေ့လိုက်တော့ ထင်တာထက်တောင် ပိုလှပါတယ်"

"အို"

တစိမ်းယောကျ်ားတစ်ယောက်ကို သူ့ကိုရှေ့တည့်တည့်ကာနေ ချီးကျူးပြောဆိုတာကြောင့် နှံ့သာရဲ့မျက်နှာရှက်စိတ်ကြောင့် နီရဲပွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသာကျော်ကတော့ ပြုံးစိစိလုပ်နေသည်။

"စိုက်ခင်းတွေက တကယ်ကောင်းတာပဲ နှံ့သာစိုက်တာမလား"

"ဟုတ်ကဲ့"

"အဲဒီလောက်တောင် ကောင်းနေရင် ကျွန်တော်အခွန်ကောက်မှာ နော်"

"ရှင် ... နှံ့သာတို့က နည်းနည်းပါးပါးပဲစိုက်တာပါ"

ထူးလွင်နောက်နေတာကို နှံ့သာကအဟုတ်ထင်၍ ပြန်ရှင်းပြရာ ကိုသာကျော်နှင့်ထူးလွင်တို့က အားရပါးရရယ်မောလိုက်ကြသည်။

"ဟား ... ဟား"

"ဘာရယ်ကြတာလဲ"

"ကျွန်တော်ကနောက်တာပါ သာသနာ့နယ်မြေရယ် သချိုင်းမြေရယ်က အခွန်လွတ်ပါတယ်"

"နှံ့သာက အဟုတ်မှတ်လို့"

နှံ့သာကရှက်ပြုံးလေးပြန်ပြောလိုက်သည်။ တိမ်သမီးကမုန့်ထုပ်ကို ပိုက်ရင်း ...

"အမေ မီးဖိုက်ဆာလာပြီ"

"ဪ ... အေး ... အေး ကိုသာကျော်နဲ့ညီ့သည်အစ်ကို အထဲလိုက်ခဲ့ကြနော်"

"လိုက်မှာပါ"


နှံ့သာက တိမ်သမီးကိုလက်ဆွဲကာ ရှေ့ကထွက်လာတော့ သာကျော်နှင့် ထူးလွင်တို့လည်းနောက်မှလိုက်လာကြတော့သည်။

❖ ၜၜ ❖



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

## မြို့ကလာတဲ့ရှေ

"ကိုသာကျော် နှံ့သာက တကယ်လှတယ်ဗျာ ... မြင်တာနဲ့တင် ကျွန်တော့်ရင်ထဲတစ်မျိုးဖြစ်သွားတယ်"

ရွာလယ်လမ်းမအတိုင်း လျှောက်လာကြရင်း စိုက်ပျိုးရေးအရာရှိလေး ကိုထူးလွင်က ကိုသာကျော်အားပြောလိုက်သည်။

"ကိုထူးလွင်ကတော့ ပြောတော့မယ် တစ်ရွာလုံးက သူတို့ သားအဖ ကို သုဘရာဇာမှီပယ်ထားတာကို ကျူပ်ကသနားပြီး သွားသွားလည်ထဲက နှံ့သာကို"

"ဟင် ... ဘယ်လို ကိုသာကျော်လည်း နှံ့သာကိုစိတ်ဝင်စားနေ တယ် ဟုတ်လား"

ကိုထူးလွင်ရဲ့ ပြူးပြူးပြဲပြဲအမူအရာကြောင့် ကိုသာကျော်ကပြုံးလိုက် ပြီး ...

"ကျွန်တော်စကားဆုံးအောင်နားထောင်ပါဦး ကိုထူးလွင်ရေ ... ကျွန်တော်ကနှံ့သာကို ကိုယ့်ညီမလေးတစ်ယောက်လိုခင်တာဗျ။ သူ့အမွှေးစားထား တဲ့ ကလေးမလေးကလည်း ချစ်စရာကောင်းတယ်မလား ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကိုယ်တိုင်က ငယ်ငယ်ထဲကအင်းထဲမှာ တစ်ယောက်တည်း ကြီးလာခဲ့ရတော့ သူတို့ကိုစာနာတယ်လေ"

"အေးဗျာ ကိုသာကျော်ရဲ့လူမှုဝန်ထမ်းစိတ်ကိုတော့ လေးစားပါတယ်"

"လေးစားတာကနောက် အခုကိုထူးလွင်တည်းတဲ့အိမ်က သူဌေးဦးစောအောင်ကို သချိုင်းကသုဘရာဇာကြီးတွေအကြောင်း မပြောမိစေနဲ့"

"ဘာလို့လဲ ကိုသာကျော်"

"သူတို့နဲ့က ကမ္ဘာရန်သူတွေဗျ မတည့်ကြဘူး"

ကိုသာကျော် ရွာထဲမှသူဌေးနှင့် သုဘရာဇာကြီးတို့ ပြဿနာကို သူကြားထားသမျှ ကိုထူးလွင်အားပြောပြလိုက်သည်။

"ကြားရတာတွေက အထူးအဆန်းပဲ သူဌေးကလည်းသူလုပ်ချင်ရာ လုပ်တော့တာပဲ"

"ရွာမှာသူဌေးက သူကြီးပြီးရင်ဩဇာအရှိဆုံးပဲမလား၊ သူလုပ်တိုင်း ကောင်းနေတာပေါ့၊ သချိုင်းကတိမ်သမီးက သူ့မိန်းမဝင်စားတာကို သူလုံးဝ လက်မခံဘူး"

"ဘာလို့လဲ"

"ဘာဖြစ်ရမလဲ လူဝင်စားဆိုရင် ဝိညာဉ်က သူတခမ်းတနားထားတဲ့ အလောင်းဆီကို ဘယ်လာနိုင်မှာလဲ သူ့ဆရာကလည်း သိုက်ကိုသွားနေတာ ဘာညာနဲ့ပြောထားတော့ သူ့ယုံကြည်မှုဟာ အလောင်းတစ်နေ့အသက်ဝင်လာ မယ်ဆိုတာပဲသိနေတယ်"

"သူဌေးက ရူးများရူးသွားလားမသိဘူး"

ကိုထူးလွင်ကမှတ်ချက်ပေးလိုက်ရာ ကိုသာကျော်က ခေါင်းကိုညိတ်၍ ...

"ကိုထူးလွင် နောက်ဆို ပိုသိလာလိမ့်မယ် သူဌေးက သူ့မိန်းမ အလောင်းကို ရွှေထက်တောင်တန်ဖိုးထားသေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ထိ သပိတ်မသွပ်ဘူး အမှုမဝေဘူး"

"ဘယ်လိုသဘောလဲ"

"ကျွတ်သွားမှာစိုးလို့လေ"

"ဟာ ... ခက်တာပဲ သူဌေးကတော့အစွန်းရောက်နေပြီထင်တယ်"

"တကယ် သူ့မိန်းမဝိညာဉ်ရှိနေတာက တစ်နေရာပဲရှိတယ်"

"ဘယ်နေရာမှာလဲ"

"နှံ့သာရဲ့သမီးလေးဆီမှာလေ"

"ဗျာ"

"ဟုတ်တယ် နှံ့သာသမီးလေးက သူဌေးမိန်းမတစ်ယောက်ဆိုတာ ထက် ဝိညာဉ်ကပ်တာဆို ပိုမှန်လိမ့်မယ်"

"ကျွန်တော်နားမလည်တော့ဘူးဗျာ"

ကိုထူးလွင်က သူတစ်ခါမှမကြုံဘူး မကြားဘူးသည့် ကိစ္စတို့ကိုကြား ရ၍ အံ့သြပြီးရင်းအံ့သြလို့သာနေသည်။

❖ ၉၉ ❖



www.burmeseclassic.com

www.burmeseclassic.com

"သမီးကို အဖေ သတိပေးစရာရှိတယ်"

ညဘက်တဲရှေ့ ကွပ်ပျစ်ထိုင်ကာ သားအဖနှစ်ယောက်စကားပြောနေကြစဉ် သုဘရာဇာကြီးက နှံ့သာကိုပြောလိုက်သည်။

"ဘာများလဲ အဖေ"

"မောင်ထူးလွင်က သချိုင်းကိုခဏခဏလာနေတယ် သူ့ရဲ့မျက်လုံးတွေက သမီးအပေါ်လုံးဝမရိုးသားဘူး လူငယ်တို့သဘာဝကိုတော့ အဖေဘာမှမပြောလိုပါဘူး ...

ဒါပေမဲ့ သမီးရယ် သူကမြို့သားပညာတက် ငွေလည်းချမ်းသာပုံရတယ် ရုပ်ကလည်းသန့်သန့်ချောချော သူကသချိုင်းစောင့်သမီးကိုမှ ကြိုက်နှစ်သက်တယ်ဆိုတော့ အဖေမယုံနိုင်ဘူး"

နှံ့သာ ဘာမှပြန်မပြော ငြိမ်၍သာနားထောင်လို့နေသည်။ ကိုထူးလွင်မျက်လုံး ပြောပုံဆိုပုံ ဂရုစိုက်ပုံတွေကိုတော့ နှံ့သာသိသည်။

သူကိုယ်တိုင်ကလည်း ကိုထူးလွင်နှင့်စကားပြောရတာ ပျော်သင့်ခံစားရသည်။ ကိုထူးလွင်မလာတဲ့ရက်တွေဆို မျှော်နေတတ်သည်လေ။

"သူကိုယ်တိုင်က သမီးအပေါ်မေတ္တာစစ်ရှိတယ်ပဲထား သူ့မိဘအသိုင်းအဝိုင်းကလက်ခံနိုင်ပါ့မလား အဖေ့သမီးခံစားရမှာ အဖေမမြင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဖေရယ်"

အများအမြင်မှာ နိမ့်ကျလှသည့်သူတို့ဘဝကိုတွေးကာ နံ့သာတစ်ယောက်ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလို့လာတော့သည်။

❖ ၀၀ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဆရာလေးကို ကျုပ်သတိပေးထားရဦးမယ်"

အပြင်ကပြန်လာသည့်ထူးလွင်အား သူဌေးကိုစောအောင်က အိမ်ပေါ်တက်လာလာချင်း လှမ်းပြောလိုက်သည်။

"ဘာများလဲ ဦးလေး ... "

"ထိုင်ပါဦး"

ဦးစောအောင်က သူ့ရှေ့ထိုင်ခုံကို လက်နှင့်ပြလိုက်ရင်းပြောလိုက်သဖြင့် ထူးလွင်လည်းဝင်ထိုင်လိုက်သည်။

"ဆရာလေးသချိုင်းက နှံ့သာဆီသွားသွားနေတာမလား"

"ဦးလေးကသိနေပါလား"

"ကျုပ်ဒီရွာမှာ မသိတာ ဘာမှမရှိဘူး ဆရာလေးရဲ့သချိုင်းက သုဘရာဇာသမီး နှံ့သာဆိုတဲ့ကောင်မလေးက တအားလှတယ်၊ ဒါပေမဲ့ ရွာထဲက ဘယ်ကာလသားကမှ သူ့ကိုစိတ်မဝင်စားရဲဘူး ...

အဲဒါ ဘာလို့လဲ သိလားဆရာလေး"

"ဟင့်အင်း"

ထူးလွင်က ခေါင်းကိုရမ်းပြလိုက်သည်။ သူဌေးဦးစောအောင်က အသာပြုံး၍ ...

"သုဘရာဇာသမီးနဲ့ညားရင် သုဘရာဇာပဲဖြစ်မှာပေါ့ ဆရာလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲကသာမန်ဆင်းရဲတဲ့လူကိုယူလို့ ဘာမှမဖြစ်နိုင်ဘူး မျိုးရိုးနိမ့်သွားစရာလည်း မရှိဘူးမလား"

"အင်း ... ဦးလေးတွေးတာ လူမှုနယ်ပယ်မှာ ဟုတ်ကောင်းဟုတ်နိုင်မှာပါ နှလုံးသားရေးရာနဲ့ပတ်သက်ရင် မျိုးရိုးတွေအဆင့်အတန်းတွေလိုမယ် မထင်ပါဘူး"

"ဆရာလေးရဲ့အဖေက မြို့နယ်ဆရာဝန်ကြီး အမေကကျောင်းအုပ်ဆရာမကြီး သူတို့ရဲ့တစ်ဦးတည်းသော သား စိုက်ပျိုးရေးအရာရှိဆရာလေးက ရွာထဲတောင်အဝင်မခံတဲ့ သူဘာရာဇာရဲ့သမီး သူဘာရာဇာမကိုမှ စိတ်ဝင်စားတာတော့ ကျုပ်အံ့ဩလို့မဆုံးဘူး"

ဦးစောအောင်က ထူးလွင်ရဲ့အကြောင်းကို အစအဆုံးသိထားတာကြောင့် အကျိုးအကြောင်းဆီလျော်စွာပြော၍ တားမြစ်လိုက်သည်။

ထူးလွင်ကတော့ အပြုံးမပျက်ဘဲ ...

"ကျွန်တော့်ကို ရူးသွပ်တယ်လို့ပဲပြောပြော ဦးနှောက်နည်းတယ်လို့ပဲဆိုဆို ကျွန်တော်နှံ့သာကိုမေတ္တာစစ်နဲ့ချစ်တာပါ၊ သူနဲ့လက်ထပ်ခွင့်ရလို့ သူဘာရာဇာဖြစ်မယ်ဆိုလည်း ကျေကျေနပ်နပ်ဖြစ်လိုက်မယ်"

"ဆရာလေးတော့ သွားပြီ"

ဦးစောအောင်က ညည်းညူလိုက်သည်။ ထူးလွင်ကတော့ အဝတ်အစားလဲရန် သူ့ကိုပေးထားသည့်အခန်းထဲသို့ဝင်လာ၏။

လယ်ကွေများစွာပိုင်သော သူဌေးဦးစောအောင်က ထူးလွင်ရဲ့အပြုအမူတွေကို မနှစ်သက်ပေမယ့် သူ့ရဲ့လုပ်ငန်းကိစ္စတွေမှာ ထူးလွင်က အကူအညီပေးတာကိုရနေတာကြောင့် မပြောသာဘဲဖြစ်နေသည်။

သို့သော်လည်း ...


ထူးလွင်မိဘများနှင့် သူဌေးဦးစောအောင်မိတ်ဆွေများဖြစ်တာကြောင့် သူဘာရာဇာသမီးနှင့်ချစ်ကြိုက်သည့်ကိစ္စကို တားဆီးမှဖြစ်မည်ဟုသာ တွေးမိလိုက်လေတော့သည်။

❖ ၁၁ ❖



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

### ဆရာခေါ်လို့လာတဲ့တစ္ဆေ

"ကိုရယ် ... နှံ့သာ ကိုနဲ့ဝေးရမှာသိပ်ကြောက်တာပဲ နှံ့သာတို့ဘဝကအနှိမ်ခံပါ ... ဘယ်သူကမှလည်း အဖက်လုပ်ကြတာမဟုတ်ဘူး"

သချိုင်းဘေးမှာရှိသည့် တောင်ယာစိုက်ခင်းလေးဘေးက အရိပ်ရသည့်လက်ပံပင်အောက်မှာထိုင်ရင်း ထူးလွင်ကို နှံ့သာကပြောလေသည်။

ထူးလွင်က သက်ပြင်းကိုချရင်း ...

"နှံ့သာ ဘာမှအားမငယ်နဲ့ ကိုယ် နှံ့သာကိုဘယ်တော့မှမခွဲဘူး"

"တကယ်နော် ... ကို"

"တကယ်ပေါ့ နှံ့သာရဲ့"

နှံ့သာက ထူးလွင်ရဲ့ရင်ထဲခေါင်းလေးဝင်ကာနေလိုက်၏။ မဖြစ်နိုင်တဲ့ ဘဝတွေဆိုပေမယ့် သံယောဇဉ်တွယ်ငြိရာမှ ကြာလွန်းလာတော့ ရင်ထဲမှာ တွယ်လာတဲ့အချစ်စစ်ကြောင့် ရုန်းထွက်ဖို့တော့ နှံ့သာမတတ်နိုင်ခဲ့ ...

"နှံ့သာလေ ... ကိုကိုချစ်တာ ကို့အတွက်ဒုက္ခတစ်ခုလိုဖြစ်နေမလားဟင်"

"ဘာကိုဆိုလိုတာလဲ နှံ့သာ"



www.burmeseclassic.com

www.burmeseclassic.com



"နှံ့သာက ကို့ကို နှံ့သာ့ဘဝထဲအတင်းဆွဲသွင်းနေသလိုဖြစ်နေမလားလို့တွေးမိလို့ပါ"

"ကိုယ် ... နှံ့သာကိုမြို့ခေါ်သွားမှာပေါ့"

"ရှင်"

ထူးလွင်ရဲ့စကားက နှံ့သာရဲ့ရင်ကို တုန်လှုပ်လို့သွားစေသည်။

"နှံ့သာတစ်သက်လုံး ဒီသချိုင်းမှာပဲနေမှာလား"

"ဟိုလေ ... နှံ့သာ ဒီမှာမရှိရင် အဖေနဲ့သမီးလေးတို့ဘယ်လိုနေကြမလဲ၊ ပြီးတော့ နှံ့သာရှင်သန်ကြီးပြင်းရတာ ဒီသချိုင်းမှာလေ ... ရွာထဲတောင်ဈေးဝယ်တာကလွဲရင် ရောက်ဖူးတာမဟုတ်ဘူး"

"ဒါတွေဟာ အချိန်ကာလတစ်ခုရောက်ရင် အဆင်ပြေသွားမှာပါ။ ဘာလဲ နှံ့သာက ကိုယ် သချိုင်းမှာလာနေပြီး သုဘရာဇာလုပ်ခိုင်းမလို့လား"

"အို ... အဲလိုမဟုတ်ပါဘူး"

နှံ့သာအတွက် ဖြေရှင်းရခက်နေသည့်ပုစ္ဆာတစ်ခုလိုဖြစ်နေလေရာ ထူးလွင်ကို ဘယ်လိုမှကတိမပေးနိုင်ဖြစ်လို့သွားသည်။

ထိုစဉ် ...

သူတို့ဆီ တိမ်သမီးလေးပြေးလို့လာသည်။ အနားရောက်တော့ ...

"အမေ မသာချလာပြီ"

"ဩော် ... အေး ... အေး"

သမီးလေးကလာပြောတာကြောင့် ထူးလွင်ဘေးကထ၍ ...

"ကို တဲကစောင့်နေပါလား နှံ့သာသင်္ဂြိုဟ်ပေးရဦးမယ်"

"ရတယ်လေ ကိုယ်ပါလိုက်ခဲ့မယ်"

"ဟာ ... မဟုတ်တာ မသာသင်္ဂြိုဟ်တာ သုဘရာဇာလုပ်တာ ကိုမလုပ်ရပါဘူး တဲမှာစောင့်နေနော် ... သမီး ဦးဦးကိုတဲခေါ်သွားလိုက်ဟုတ်လား"

"ဟုတ်ကဲ့ မေမေ ... လာဦးဦး"



www.burmeseclassic.com

www.burmeseclassic.com



တိမ်သမီးက နှံ့သာကိုခေါင်းညိတ်ပြလိုက်ပြီး ထူးလွင်လက်ကိုဆွဲကာ တဲဆီသို့ခေါ်သွားသည်။ နှံ့သာကတော့ မသာမြေမြှုပ်ပေးရန်အတွက် ကျင်းတူးထားရာဆီသို့ထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖျတ်ခနဲအိပ်ရာကလန့်နိုးတော့ ပြတင်းပေါက်ကကျလာတဲ့လရောင်က မျက်နှာပေါ်ကို လွှမ်းခြုံထားသည်။ ဆောင်းညလည်းဖြစ်တာကြောင့် အအေးဓာတ်က စိမ့်ကာအေးလို့နေသည်။

အခုလိုသာယာတဲ့ညလေးမှာ နှံသာနဲ့အတူတူရှိနေရင် ဘယ်လောက်တောင်ကောင်းမလဲဟု အတွေးရောက်လို့လာသည်။

ပြန်ပြီးအိပ်လို့မရတာကြောင့် ခုတင်ပေါ်ကဆင်း၍ ပြတင်းပေါက်ကနေ လရောင်ကိုငေးကာ ကြည့်လို့နေသည်။

"ဟင်"

ထူးလွင် ရုတ်တရက်အကြည့်ရောက်သွားတာက သူဌေးကတော် အလောင်းထားရာအိမ်သို့ဖြစ်သည်။ သူဌေးနှင့်အတူ သူ့တပည့်တွေက လှုပ်လှုပ်ရှရှနှင့်ဘာတွေလုပ်နေမှန်းမသိ အနက်ရောက်အကျီဖားဖားနှင့် လုံချည်အနက်တို့ကိုဝတ်ထားသည့် လူကြီးတစ်ယောက် ခေါင်း၌ သဘက်အနက်ရောင်ကိုလည်း ပေါင်းလို့ထားသည်။

ထူးလွင်ကြည့်နေတာကို သူတို့မသိကြ ...

သိပ်မကြာခင်မှာပဲ အိမ်ထဲကအလောင်းကို ခုတင်ကနေမ၍ သူဌေးတပည့်များက အိမ်ရှေ့မြေကွက်လပ်သို့ရွှေ့လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဟုထင်ရသည့် အနက်ရောင်နှင့်လူကြီးက လေသံကျယ်ကျယ်ဖြင့် ...

"သူဌေး ... သူဌေးကတော်ကိုလရောင်ကျွေးထားတာ သိပ်မကြာခင် သူ့ဝိညာဉ်ရောက်လာတော့မယ် အဲဒီကျရင်သူ့ဝိညာဉ်ပူးနေတဲ့ ကလေးရဲ့သွေးနဲ့ သူဌေးကတော်ရဲ့ခန္ဓာကိုယ်ကိုဆေးလိုက်ရင် ဝိညာဉ်ပြန်ကပ်နိုင်မှာပါ ...

ကျုပ်စီစဉ်ခိုင်းထားတဲ့ ပွဲနဲ့ဖယောင်းတိုင်တွေ အဆင်သင့်လုပ်ထား လမွန်းတည့်တာနဲ့အလောင်းကိုသွေးလောင်းရမယ်"

"ဟုတ်ကဲ့ ဆရာထိပ်ခေါင်"

ထူးလွင် ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ ဆရာထိပ်ခေါင်ဆိုသူက ခြံဝနားတွင် ကုလားထိုင်တစ်လုံးကိုချကာ အပေါ်၌အုန်း၊ ငှက်ပျောပွဲကိုတင်၍ ဘေး၌အလွန်ထက်လှသည့် ဓားရှည်တစ်ချောင်းကိုချထားသည်။

ဖယောင်းတိုင်မီးတို့ကိုလည်း ထွန်းထားကာ ပါးစပ်ကလည်းဂါထာ တစ်ပုဒ်ကို မျက်စိမှိတ်၍ မန်းမှုတ်လို့နေသည်။

ပြီးနောက်အလောင်းဘေးသို့တစ်ဖန်ပြန်လာကာ အလောင်း၏မျက်နှာကို ခေါင်းငုံ့ကာအနီးကပ်ကြည့်၍ ဂါထာရွတ်ပြန်သည်။

ဂါထာရွတ်ပြီးတော့ သူဌေးဘက်လှည့်ကာ ...

"သူဌေးကတော်ဝိညာဉ်ရှိနေတဲ့ကလေးက အရင်တစ်ခါလာဖူးတယ်နော်"

"ဟုတ်ပါတယ် နှစ်ပတ်လည်အစာကျွေးပွဲမှာပါ၊ ကျုပ်ဖိတ်လို့လာတာလို့ပြောပါတယ်"

"ကိစ္စမရှိပါဘူး သူဌေးကတော်ရဲ့ဝိညာဉ်ဘယ်သူ့ခန္ဓာမှာရှိနေရှိနေ ဒီညဒီကိုလာကိုလာရမယ် ...

ကျုပ်လည်းခရီးထွက်စရာရှိလို့ ကိစ္စတွေအားလုံးစီရင်ခဲ့မယ် ပြဿနာ မဖြစ်ဖို့သူဌေးကတာဝန်ယူ"

"စိတ်ချပါ ဆရာ ... ကျုပ်ငွေနဲ့ရှင်းပါ့မယ်"

---



www.burmeseclassic.com

www.burmeseclassic.com



သူဌေးရှူးသွပ်သွားပြီလားဟု ထူးလွင်ထင်လိုက်သည်။ အတန်ကြာတော့ ခြံထဲသို့ဝင်လာသည့် ပုံရိပ်ကြောင့် ထူးလွင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"တိမ်သမီးပါလား"

တိမ်သမီးရဲ့ပုံစံမှာ ဆံပင်များဖွာလန်ကြဲပြီး အိပ်မက်မက်နေသူလို လှမ်းလျှောက်ကာခြံထဲသို့ တစ်လှမ်းချင်းဝင်လာတော့သည်။

❖ ⌛⌛ ❖

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

## တစ္ဆေရှင်းတမ်း

"ဟား … ဟား … ဟား … နင်ရောက်လာပြီးပေါ့ဟုတ်လား ငါ့ဆရာရဲ့အမိန့်ကိုမလွန်ဆန်နိုင်ဘူးမလား"

ဆရာထိပ်ခေါင် ခြံထဲဝင်လာပြီးအလောင်းဘေးနား မတ်တတ်ရပ်နေသည့် တိမ်သမီး ကိုပြောလိုက်၏။

တိမ်သမီးရဲ့မျက်နှာက ဆံပင်ဖရိုဖရဲနှင့်မျက်လုံးကိုကြောင်၍ ဆရာထိပ်ခေါင်ကိုကြည့်၍ အသံတစ်မျိုးဖြင့် …

"နင်တို့ ငါ့ကိုမသင်္ဂြိုဟ်ကြသေးဘူးလား"

"နင့်အလောင်းကိုမသင်္ဂြိုဟ်ဘူး နင့်ကိုပဲသင်္ဂြိုဟ်မှာ … "

ဆရာထိပ်ခေါင်ပြောတာကို တိမ်သမီးက မတုန်မလှုပ် အိပ်မွေ့ချခံထားရသူလို မတ်တတ်ရပ်နေသည်။ ဆရာထိပ်ခေါင်ရဲ့အနောက်မှာတော့ သူငွေးနှင့် သူတပည့်များရပ်လို့နေကြသည်။

ဆရာထိပ်ခေါင်က တိမ်သမီးနားသို့ တဖြည်းဖြည်းကပ်လာကာ ခေါင်းကိုလက်ဝါးဖြင့်အုပ်လျှက် တစ်စုံတရာကိုပါးစပ်ကရေရွတ်နေသည်။

ထိုစဉ် …



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဒါဘာလုပ်တာလဲ"

"ဟင်"

အသံကျယ်ကြီးဖြင့်ကြားလိုက်ရပြီး ခြံထဲသို့ မီးတုတ်ကြီးကို လက်တစ်ဖက်ကကိုင်ကာ ကျန်လက်တစ်ဖက်က ဝါးရင်းတုတ်ကြီးကိုကိုင်ထားသည့် သူဘာရာဇာကြီးက နံ့သာနှင့်အတူဝင်လာသည်။

သူခိုးက သူ့တပည့်များအား ...

"ဟော့ကောင်တွေ သူတို့ကိုခြံထဲမဝင်နိုင်အောင်တားစမ်း"

သူခိုးတပည့်များကလည်း ဓားကိုယ်စီဖြင့်ခြံထဲဝင်လာသည့် သူဘာရာဇာကြီးနှင့် နံ့သာတို့ကို ဆရာထိပ်ခေါင်နားမရောက်စေရန် ပိတ်ထားလိုက်၏။

သူဘာရာဇာကြီးက ဒေါသပေါက်ကွဲကာ ခြံဝကအုန်း၊ ငှက်ပျောပွဲကို ဝါးရင်းတုတ်ကြီးဖြင့်ရိုက်ချလိုက်သည်။

"ဟာ ... ဘာလုပ်တာလဲ ဒုက္ခတော့ဖြစ်ပါပြီ"

ဆရာထိပ်ခေါင်ပြောလိုက်ရာ သူခိုးကပါ ဒေါသထွက်သွားပြီး ...

"ဟော့ကောင်တွေ သူတို့သားအဖကိုသတ်စမ်း ... သူတို့ကြောင့် ငါ့မိန်းမအသက်မရှင်နိုင်တော့ဘူး"

အော်လိုက်ရာ သူခိုးတပည့်များက သူဘာရာဇာကြီးနှင့် နံ့သာ တို့ကို ဝိုင်းထားလိုက်ကြသည်။

"ဟော့ကောင်တွေ ... သူခိုးခွေးတွေ သေချင်တဲ့ကောင်အရင်လာခဲ့"

သူဘာရာဇာကြီးကပြောလိုက်ရာ တစ်ယောက်မှရှေ့မတိုးရဲကြ။

ထိုစဉ် ...

သူခိုးက မြေကြီးတွင်ကျနေသည့် အုန်းငှက်ပျောတို့နားက ဓားကိုယူ၍ ဆရာထိပ်ခေါင်နားက တိမ်သမီးကိုသတ်ရန်ပြေးလာရာ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... "

နံ့သာ၏အသံနှင့်အတူ တိမ်သမီးနားရောက်ရန်အနည်းငယ်သာလိုတော့သည့် သူခွေး၏ဗိုက်ထဲ ဓားတစ်ချောင်းဝင်သွားသည်။

"အား"

နံ့သာကြည့်လိုက်တော့ ထူးလွင် ... တိမ်သမီးကိုကောက်ချီလိုက်ကာ ဆရာထိပ်ခေါင်အား ...

"ဓားကောင်းအောင် မဟုတ်တာတွေ လိုက်လိမ်တဲ့လူလိမ် ... "

"ဟို ... ဟို ... "

ဆရာထိပ်ခေါင်သွေးပျက်စွာနှင့် သူ့ကိုဓားနှင့်ချိန်ထားသည့် ထူးလွင်ကို ကြည့်နေသည်။

ဓားဒဏ်ရာဖြင့် အသက်ပျောက်နေသည့် သူခွေးကို သူ့တပည့်များက ကြောင်ကြည့်နေစဉ် နံ့သာက ထူးလွင်အနားသို့ပြေးလာသည်။

"ရော့ ... နံ့သာ ကလေးခေါ်ထား"

နံ့သာက တိမ်သမီးကိုယူချီလိုက်သည်။

"စိတ်မမှန်တဲ့ကလေးတစ်ယောက်ကို ဝိဉာဉ်ပူးနေလို့ သူ့သွေးနဲ့ဆေးရမယ် ဘာမယ်နဲ့ခင်ဗျားမှာ စာနာစိတ်မရှိဘူးလား ဘာဆရာလဲ ခင်ဗျားက လူတွေရဲ့ယုံကြည်မှုကို တလွဲလုပ်တာ ခင်ဗျားအသက်ရှင်ရင် လူတွေဒုက္ခရောက်မယ်"

ထူးလွင်ကကြိမ်းလိုက်ရာ ဆရာထိပ်ခေါင်ကြောက်လွန်း၍ အသားတွေတဆက်ဆက်တုန်နေသည်။

"ဟော့ကောင်တွေဖယ်စမ်း အလောင်းကိုတစ်ခါတည်း သဂြိုဟ်ပေးခဲ့မယ်"

သုဘရာဇာကြီးက မီးတုတ်ကြီးကိုမြှောက်၍ပြောလိုက်ရာ သူခွေး တပည့်ဖိုးတင်က ...

"ဟင် ... ရှုပ်ပါတယ် တို့သူခွေးလည်းသေပြီ သူ့ကိုသတ်"



www.burmeseclassic.com

www.burmeseclassic.com



သုဘရာဇာကြီးကို ဓားနှင့်ပိုင်းခုတ်ရာ သုဘရာဇာကြီးကလည်း ဝါးရင်းတုတ်ဖြင့် ပြန်ခုခံရင်း မီးတုပ်ကိုအလောင်းဆီသို့ ပစ်တင်လိုက်ရာ အလောင်းမှာ မီးဟုန်းဟုန်းတောက်လောင်သွားသလို သူဌေးတပည့်ဓားချက်များကလည်း သုဘရာဇာကြီးကိုယ်ပေါ်ရောက်သွားသည်။

"အား"

"အဖေ ... "

နှံ့သာ အာခေါင်ခြစ်အော်လိုက်ရာ ထူးလွင်က ...

"ပြေးတော့ ... နှံ့သာ ကလေးခေါ်ပြီးပြေး"

ပြောပြီး သုဘရာဇာကြီးနားသို့ပြေးလာကာ သူဌေးတပည့်များ ...

သူဌေးခြံထဲမှာတော့ လဲပြိုနေသည့်အလောင်းများ သူဌေးကတော်၏ တဟုန်းဟုန်းတောက်နေသည့် မီးများ၏ အရောင်ဖြင့်သွေးပျက်ဖွယ်ဖြစ်နေတော့သည်။

❖ ၆၆ ❖



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဝါးနက်ကုန်းသင်္ချိုင်း

သူ့ဘဝမှာ အလောင်းပေါင်းမြောက်မြားစွာမြေမြှုပ်ခဲ့ဖူးပါပြီ အခု
စ်ခါမြှုပ်ရမည့်အလောင်းနှစ်လောင်းအတွက် မြေမြှုပ်ဖို့ကိုစိုးရွံ့နေမိ၏။

အလောင်းနှစ်လောင်းအတွက် ကျင်းကနှစ်ကျင်း တစ်ကျင်းစီရဲ့ဘေးမှာ
လောင်းတစ်လောင်းစီရှိနေသည် ထိုအလောင်းတွေရဲ့မျက်နှာကို တွေဝေစွာ
ကြည့်လိုက်၏။

ပြီးတော့ ဒူးထောက်ကာရှိသေစွာရှစ်ခိုးလိုက်၏။

"ဖြစ်လေရာဘဝမှာ အခုလိုအဖြစ်ဆိုးတွေမကြုံပါရစေနဲ့လို့ နှုံသာ
တောင်းလိုက်ပါတယ် ကိုရယ်"

"အဖေဟာ တာဝန်ကျေတဲ့အဖေတစ်ယောက်ဖြစ်ခဲ့သလို အဖေ့
ဝန်ကိုသမီးကျေအောင်လုပ်ပါ့မယ် အဖေရယ်"

ပါးပေါ်စီးကျလာတဲ့ မျက်ရည်များကိုမသုတ်တော့ဘဲ အလောင်းကို
ကျင်းထဲ ခက်ခက်ခဲခဲချလိုက်သည်။

ထို့နောက် အလောင်းများ၏မျက်နှာကို နောက်ဆုံးအနေနဲ့ကြည့်ကာ
တ်တူးဖြင့်ယက်ချလိုက်၏။

---

ရှိရင့်အောင်စာပေ

www.burmeseclassic.com



မြေဖို့ပြီးသောအခါ ခပ်လှမ်းလှမ်းက အုတ်ဂူမှာထိုင်နေသည့် သမီးလေး ကိုခေါ်ကာ လက်ဆွဲပြီး သချိုင်းမှထွက်လာခဲ့တော့သည်။

ပြီးပါပြီ။

စာဖတ်သူရင်ကိုအမြဲထိရှမှုတွေပေးနေမယ့်

စာရေးတဲ့ ကျွန်မ

မှော်ဧကရီ

ဝေဖန်အကြံပြုစာများ ပျော်လင့်လျက်

အမှတ်(၄၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊

မဟာန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉

www.burmeseclassic.com